မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃စဂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် ၂၀၂၆ ခုနှစ်၊ ဧနီနဝါရီ ၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၁၀၀)

သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၆ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၆
၁၃စဂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဧနီနဝါရီလ ၇ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၇-၈-၂၀၂၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၄) ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်း အစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင် သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် (၁-၁-၂၀၂၆) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(သန်းသန်းဆွေ)
ဥက္ကဋ္ဌ

ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများ၌ ပြည်တွင်း၊ ပြည်ပခရီးသွား ၂၂၀၀၀ ကျော် လာရောက်အပန်းဖြေ

ရန်ကုန် ဧနီနဝါရီ ၇

၂၀၂၆ ခုနှစ်၏ နှစ်သစ်ကူးပိတ်ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများ ဖြစ်သော ငွေဆောင်၊ချောင်းသာ၊ရွှေသောင်ယံ နှင့် ဂေါ်ရန်ဂျီကမ်းခြေများသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ၂၂၀၀၀ ကျော် လာရောက်အပန်းဖြေခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားဥယျာဉ်ကြားမှဦးစီးဌာနမှ သိရသည်။

နှစ်သစ်ကူးပိတ်ရက်ဖြစ်သော ဧနီနဝါရီ ၁ ရက်မှ ၄ ရက်အထိ ပိတ်ရက်များအတွင်း ငွေဆောင်ကမ်းခြေသို့ ပြည်တွင်းခရီးသွား ၁၂၀၀၀ ကျော်၊ ပြည်ပခရီးသွား ၃၉၀ ကျော်၊ ချောင်းသာကမ်းခြေသို့ ပြည်တွင်းခရီးသွား ၉၄၀၀ ကျော်၊ ပြည်ပခရီးသွား ၃၇ ဦး၊ ရွှေသောင်ယံ ကမ်းခြေသို့

စာမျက်နှာ ၃ ကော်လံ ၄ ❑

ငွေဆောင်ကမ်းခြေ၌ နှစ်သစ်ကူးပိတ်ရက်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

ယနေ့ စာတိုစာရာ

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်တွင်းသတင်း စာ ၄

ထို့ကြောင့် . . . ဤသို့ဆန္ဒမဲပေးကြသည်

ဆောင်းပါး စာ ၆

အေအိုင်နှင့်လူပုံစံစက်ရုပ်များ စီအီးအက်စ်ပြပွဲတွင် ပြသထား

နိုင်ငံတကာသတင်း စာ ၁၄

ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉)နှင့် (၂၀) တို့တွင် ဖော်ပြထားပါသည်။

၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိုက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

(၅) ဓလတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေလင်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

၇ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၆၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈ - ၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမ်မြင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားခါး
92 Ron	၂၈၀	၂၄၉၀	၂၄၆၀	၂၃၅၅	၂၅၀၀	၂၅၁၅	၂၅၃၀	၂၄၅၀	၄၅၀၅	၂၇၄၅	၂၄၆၅	၂၅၀၅	၂၅၄၀	၂၅၁၅	၂၆၂၅	၂၅၀
95 Ron	၂၄၄၀	၂၆၇၅	၂၆၂၀	၂၄၇၅	၂၅၆၀	၂၆၀၅	၂၆၉၀	၂၅၃၀	၄၅၆၀	၂၀၀၅	၂၅၃၀	၂၆၄၀	၂၆၀၀	၂၅၆၅	၂၆၀၅	၂၀၄၅
HSD (500 ppm)	၂၁၃၅	၂၂၅၀	၂၂၁၅	၂၁၄၀	၂၂၆၅	၂၂၇၀	၂၂၆၀	၂၂၁၀	-	၂၅၀၀	၂၂.၂၅	၂၁၈၅	၂၂.၆၅	၂၂.၆၀	၂၂.၆	၂၅၄၀
HSD (50 ppm)	၂၄၅၀	၂၆၆၀	၂၆၆၀	၂၅၆၅	၂၇၀၀	၂၇၁၅	၂၇၃၀	၂၆၅၀	၄၈၃၀	၂၆၄၅	၂၆၆၅	၂၇၆၅	၂၇၄၅	၂၇၀၀	၂၇.၂၅	၂၆၀၀
HSD (10 ppm)	၂၅၀၀	၂၆၆၀	၂၆၆၀	၂၅၆၅	၂၇၀၀	၂၇၁၅	၂၇၃၀	၂၆၅၀	-	၂၆၄၅	၂၆၆၅	၂၇၆၅	၂၇၄၅	၂၇၀၀	၂၇.၂၅	၂၆၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၂၂၆	၂၃၀၄
95 Ron	၂၂၈၅	၂၃၆၅
HSD (500 ppm)	၁၉၉၃	၂၀၆၂
HSD (50 ppm)	၂၄၁၉	၂၄၉၇
HSD (10 ppm)	၂၄၁၉	၂၄၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶۷- ۶۵۵۲۷۲၊ ၀۹-၂၅۶۷၂۵۶۷۷
၀۶۷- ۶۵۵၂۹၂ ၀۹-۷۷۵၂۵۲۶۲

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- ဟန်လင်းအောင်	သတင်းထောက်မှူး	- ခင်ရတနာ
စာတည်းမှူး	- မြင့်စိုး	အကြီးတန်း	- ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းများ	- ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	သတင်းထောက်များ	ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	- မြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	ဓာတ်ပုံသတင်းထောက်	- တင်စိုး
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဖိုမိုအေးနှင့် ခွဲမွန်တို့အဖွဲ့
သုတေသန	- အိအိခင်နှင့် အဖွဲ့	အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့် အဖွဲ့
စာပြင်	- ဇော်မင်းသန်းနှင့် အဖွဲ့		

နေပြည်တော်-စာတည်းမှူး ၀۶۷-၃۶۵۲۷၂၊ စာတည်းအဖွဲ့ ၀۶۷-၃۶۵۲۷၅၊ ဖက်စ် ၀۶۷-၃۶۵۲۷၅၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၃၀၀၊ မန်နေဂျာ ၀၁-၅၄၄၃၃၁၅၊ ဒီမံ ၀၁-၅၄၄၃၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၃၊ ၀၁- ၅၅၈၃၁၁၊ Fax ၀၁-၅၄၆၂၂၁၊ ၀۶۷-၃۶۵۲۷၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၁၆၊ Fax ၀၁-၈۶۵۲۷۵۶။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ့အလင်း

မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး တောင်ယာမီး၊ တောမီးရှိ့မှု ရှောင်ကြဉ်

ခြောက်သွေ့ရာသီ စတင်သည့် နိုဝင်ဘာလမှစ၍ ဖေဖော်ဝါရီ၊ မတ်၊ ဧပြေလတို့မှာ တောင်ယာမီး၊ တောမီးတို့ အပါအဝင် မီးလောင်မှုများကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပွားသည့် ကာလများဖြစ်သည်။ လူ၊ အပင်နှင့် သက်ရှိသတ္တဝါများကို အန္တရာယ်ဖြစ်စေနိုင်သည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် တစ်နေရာမှ တစ်နေရာသို့၊ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လေနှင့်အတူ အလွယ်တကူ ပျံ့နှံ့ရောက်ရှိစေနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာ တစ်ခုဖြစ်သည်။

မီးခိုးမြူငွေ့ဆိုသည်မှာ မီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာပြီး လေထုအတွင်း ဖုန်အမှုန်များ၊ ရေခိုးရေငွေ့များ၊ အမှုန်အမွှားများ၊ အင်္ဂေါ့ပြန်နိုင်သည့်အရာများ၊ ဓာတ်ငွေ့များ ရောနှောဖြစ်ပေါ်နေခြင်းဖြစ်သည်။ မီးခိုးမြူငွေ့ထဲတွင် လူ့သွေးကြောထဲထိ ရောက်ရှိနိုင်အောင် လွန်စွာသေးငယ်သည့် အမှုန်အမွှားများ Particulate Matter (PM 2.5, PM10)၊ ကာဗွန်ဒိုင်အောက်ဆိုက် (CO_2)၊ ကာဗွန်မိုနောက်ဆိုက်(CO)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် (NO_2)၊ ဆာလဖာဒိုင်အောက်ဆိုက် (SO_2)၊ မြေပြင်အနီးရှိ အိုဇုန်း (Ground Level O_3)နှင့် အခြားအဆိပ်ဓာတ်ငွေ့များ ပါဝင်နေသည်။ မီးခိုးမြူငွေ့သည် တောင်ယာစိုက်ပျိုးရန် တောခုတ်ရှင်းလင်းပြီး မီးရှို့ခြင်း၊ လယ်မြေများတွင် ကောက်ရိုးများ၊ ရိုးပြတ်များ မီးရှို့ခြင်း၊ ယာမြေများတွင် မြေသြဇာရရန် ရည်ရွယ်၍ နှမ်းရိုး၊ ပြောင်းရိုးများ၊ အပင်ဟောင်းများ စုပုံမီးရှို့ခြင်း၊ ယာဥ်များ၊ ယန္တရားများ မောင်းနှင်ခြင်း၊ စက်ရုံအလုပ်ရုံများတွင် လောင်စာများ သုံးစွဲခြင်း၊ နေအိမ်များတွင် ထင်း၊ မီးသွေးတို့ အသုံးပြုချက်ပြုတ်ခြင်း၊ အမှိုက်များမီးရှို့ခြင်းတို့မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

မီးခိုးမြူငွေ့သည် လေထုကို ညစ်ညမ်းစေသည့်အပြင် ရာသီဥတုပြောင်းလဲမှုအပေါ်တွင်လည်း တိုက်ရိုက်အကျိုးသက်ရောက်မှုဖြစ်စေသည်။ မီးခိုးမြူငွေ့တွင်ပါဝင်သည့် အမှုန်အမွှားများသည် ဆံခြည်မျှင်ပမာဏထက် များစွာသေးငယ်ပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ကာ ရောဂါအများအပြား ဖြစ်စေနိုင်သည်။ မီးခိုးမြူငွေ့ကျရောက်မှုကို အချိန်ကြာမြင့်စွာ ခံစားရပါက အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အသည်းကင်ဆာနှင့် ကင်ဆာရောဂါများ၊ အာရုံကြောထိခိုက်စေခြင်း၊ ဥဃာရည် ချို့ယွင်းစေခြင်း၊ မျက်စိကျိန်းစပ် မျက်ရည်ယိုခြင်း၊ အရေပြားယားယံခြင်း၊ မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ အသက်သေဆုံးခြင်းတို့အထိ ဖြစ်ပေါ်စေနိုင်သည်။ မီးခိုးမြူငွေ့ညစ်ညမ်းခြင်းသည် အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့နေရသော ပြဿနာဖြစ်ပြီး နယ်စပ်ဖြတ်ကျော် ဖြစ်ပွားလေ့ရှိသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာကို ကာကွယ်နိုင်ရန် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများအချင်းချင်း လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံဒေသတွင်းနိုင်ငံများတွင် ဖြစ်ပေါ်သည့် မီးလောင်ကျွမ်းမှုဖြစ်စဉ်များနှင့် မီးခိုးမြူငွေ့များကို ASEAN Specialised Meterological Centre (ASMC) အဖွဲ့အစည်းကစောင့်ကြည့်ပြီး သတင်းများ ပုံမှန်ထုတ်ပြန်ပေးလျက်ရှိသည်။ မီးလောင်ကျွမ်းမှုဖြစ်စဉ်များသည် သစ်တောများ၊ လယ်ယာမြေများ၊ မြို့ရွာလူနေဒေသများတွင် ဖြစ်ပေါ်လျက်ရှိရာ မီးလောင်မှု၊ မီးရှို့မှုတို့ကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ခြင်းများ လျော့ကျစေရန် သက်ဆိုင်ရာဌာနများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ၂၀၁၃ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တောမီးအပါအဝင် မီးလောင်ကျွမ်းမှုအမျိုးမျိုးတို့မှ ဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်လျှော့ချခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည့် မီးလောင်ကျွမ်းမှုများ လျော့ကျခေါ်ရန် တောမီး၊ တောင်ယာမီး၊ ရိုးပြတ်မီး၊ အမှိုက်မီးတို့အပါအဝင် မီးရှို့ခြင်းများကိုရှောင်ကြဉ်ကာ မီးခိုးမြူငွေ့ထိန်းချုပ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီကြရပါမည့်အကြောင်း။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံ အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ နိုင်ငံရေးဂွဲါသမ္မတနိုင်ငံ၊ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာ နှင့် မစ္စ ရိုဆာရီယို မူရီလိုတို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံရေးဂွဲါသမ္မတနိုင်ငံအစိုးရကိုယ်စား နိုင်ငံရေးဂွဲါပြည်သူများနှင့် မိမိမှ အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံရေးဂွဲါအစိုးရအနေဖြင့် မြန်မာပြည်သူများ ခေတ်အဆက်ဆက်ထိန်းသိမ်းခဲ့သည့် အမျိုးသားရေးစရိုက်လက္ခဏာများကို ခိုင်မာစေသည့် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝမှု၊ ဘာသာတရားကိုင်းရှိုင်းမှုနှင့် ညီရင်းအစ်ကိုစိတ်ဓာတ်တို့အပေါ် အလေးအနက် အသိအမှတ်ပြု တန်ဖိုးထားပါသည်။

မိမိတို့အနေဖြင့် ယခုကဲ့သို့သော အခါသမယတွင် သာယာလှပသော မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် မြန်မာပြည်သူများအားလုံး အပြန်အလှန်နားလည်မှုနှင့် ကောင်းကျိုးချမ်းသာများဖြင့် အနာဂတ်လမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကို ခိုင်မာလာစေရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။

ချစ်ခင်လေးစားရပါသော ညီအစ်ကိုရင်းချာ ယာယီသမ္မတကြီးခင်ဗျာ မြန်မာပြည်သူများအတွက် ပေးပို့သော နိုင်ငံရေးဂွဲါပြည်သူများ၏ ချစ်ခင်ရင်းနှီးမှုကို လက်ခံပေးပါရန် ပြောကြားလိုပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနှိုးဆော်စာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အသိပေးနှိုးဆော်စာ
၂၀၂၆ ခုနှစ်၊ ဧနှစ်ဝါရီလ ၇ ရက်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)အား မြို့နယ် ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

အထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းမဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လွတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်းတင်သွင်းလွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က သတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀)ဖြင့် တင်သွင်းကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း မတင်သွင်းပါက သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၉ အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်၍၎င်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းကြရန်နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကဝ ဧနှစ်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဧနှစ်ဝါရီ ၅ ရက်က ကဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူး-သနပ်ပင် - ခရမ်း - သံလျင်လမ်း မိုင်တိုင်အမှတ် (၁၃/၆-၁၃/၇)ကြား စိန်နားကပ်တံတားတည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို တံတားအထူးအဖွဲ့(၉) တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူး-သနပ်ပင်-ခရမ်း-သံလျင်လမ်းသည် သီလဝါဆိပ်ကမ်းနှင့် တိုက်ရိုက်ချိတ်ဆက်ထားသည့် လမ်းဖြစ်၍ နောင်တစ်ချိန် ကုန်စည်ပို့ဆောင်ရေးအတွက် အဓိက အသုံးပြုသွားမည်ဖြစ်ရာ တံတားတည်ဆောက်ခြင်း အပြင် တံတားချဉ်းကပ်လမ်းများ ကောင်းမွန်မှုရှိစေရေး ထည့်သွင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ကဝမြို့နယ် အုန်းနဲစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ MSMEs လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက်ရောက်လာသည့် ဒေသခံများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကဝမြို့နယ် အုန်းနဲစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံအမှတ်(၁)တွင် မဲစာရင်းအမှတ်စဉ်နေရာ၊ မဲစာရင်းစစ်ဆေးသူနေရာနှင့် ပြည်သူများ အေးဆေးသက်သာစွာ မဲပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

နန်းမြို့အတွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ပြုလုပ်

နေပြည်တော် ဧနှစ်ဝါရီ ၇

မန္တလေးမြို့ နန်းမြို့အတွင်းရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ကျောင်းခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ တက်ရောက်သည်။

ဦးစွာကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် ပညာရေးစုံညီ" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ချုပ်မှ တာဝန်ခံအရာရှိက ကျောင်းနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ယင်းနေ့က တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ ဆရာမများ၊ ကျောင်းတက်မှန်ဆု၊ ကျောင်းလုပ်ငန်းစွမ်းဆောင်ရည် ဂုဏ်ပြုဆုနှင့် အခြားဆုအသီးသီး ရရှိကြသော ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ပြည်တွင်းခရီးသွား ၅၀၀ ကျော်၊ ပြည်ပခရီးသွား ၁၉ ဦး၊ ဂေါ်ရန်ဂျိုကျွန်းသို့ ပြည်တွင်းခရီးသွား ၃၂ ဦးတို့ဖြင့် စုစုပေါင်း နှစ်သစ်ဦး ခရီးသွား၂၂၀၀ ကျော်ဝေါလာရောက် အပန်းဖြေခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးသို့ ပြည်တွင်းခရီးသွား ၁၅ သိန်း ၂၆၃၃ ဦး၊ ပြည်ပခရီးသွား ၁၈၉၅၆ ဦးဖြင့် စုစုပေါင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၁၅ သိန်းကျော် ဝင်ရောက်ခဲ့သည်။ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ တည်းခိုအနားယူနိုင်ရန် ငွေဆောင်ကမ်းခြေ၌ ဟိုတယ် ၃၈ လုံး၊ တည်းခိုခန်း ၇၀၊ ချောင်းသာကမ်းခြေ၌ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၃၂ လုံး၊ တည်းခိုခန်း ၅၅ လုံး၊ ရွှေသောင်ယံကမ်းခြေ၌ ဟိုတယ်ခြောက်လုံး၊ တည်းခိုခန်းသုံးလုံး နှင့် ပုသိမ်မြို့နှင့်အခြားဒေသများ၌ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၄၉ လုံး၊ တည်းခိုခန်း ၃၁၅ လုံး ဖွင့်လှစ်ထားကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်သူဦး ထံမှ သိရသည်။

နှစ်သစ်ကူး ဝိတ်ရက်ရှည် ကာလ၌ ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများသို့ ပြည်ပနိုင်ငံပေါင်း ၁၃ နိုင်ငံမှ နိုင်ငံခြားခရီးသွားများ လာရောက် အပန်းဖြေခဲ့ကြပြီး အထူးသဖြင့် တရုတ်၊ ရုရှား၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ ခရီးသွားများ အများဆုံး ဝင်ရောက်ခဲ့သည်။ **ဓာတ်ပုံ - ကနူး**

ညိမ်းသူ(သတင်းစဉ်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၀ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂۶ ခုနှစ်၊ ဧနှစ်၀ါရီလ ၇ ရက်)

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

စဉ်	အမည်	နိုင်ငံသားစိစစ်ရေးကတ်အမှတ်	မဲဆန္ဒနယ်/ကိုယ်စားလှယ်အမှတ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
မွန်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)				
(၁)	ဦးဇေယျာဦး	၁၀/သဖရ(နိုင်)၀၀၀၃၉၁	ကျိုက်ထိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂)	ဦးအောင်ထွန့်	၆/ကသန(နိုင်)၀၀၃၅၂၃	ကျိုက်မရောမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃)	ဦးအောင်ကြည်သိန်း	၁၂/မရက(နိုင်)၀၁စ၁၅၀	ချောင်းဆုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၄)	ဦးတင်ဇော်ထွန်း	၁၀/မလမ(နိုင်)၀၉၅၄၃၆	မော်လမြိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၅)	ဒေါ်လေးမိုးသူ	၁၀/သထန(နိုင်)၀၈၆၃စ၃	သထုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)				
(၆)	ဒေါ်သီသီမွန်	၁၂/ကမရ(နိုင်)၀၅၀၀၄၂	ကမာရွတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၇)	ဦးသိန်းနိုင်	၁၂/ကတတ(နိုင်)၀၀၁၉၆၂	ကျောက်တံတားမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၈)	ဦး၀င်းသက်	၁၂/တကန(နိုင်)၁၀၁၀၆၇	တိုက်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၉)	ဦးနေ၀င်း	၁၂/တတန(နိုင်)၀၁၇၀၄၅	တွံတေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၀)	ဦးစိုးယု	၁၂/ကမရ(နိုင်)၀၃၇၁၆၀	ဒဏ်မြို့သစ်(တောင်ပိုင်း) မြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၁)	ဦးအောင်မိုးကျော်	၁၃/ရစန(နိုင်)၀၀၄စ၃၅	ဗိုလ်တထောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၂)	ဦးမင်းသိန်းထွန်း	၈/ရစက(နိုင်)၀၉၅၃၃၃စ	မရမ်းကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၃)	ဦးမျိုးမင်းနိုင်	၁၂/မဂဒ(နိုင်)၁၀၄၆၆၆၅	မင်္ဂလာဒုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၄)	ဦးကြည်မြင့်	၁၂/မဘန(နိုင်)၀၁၇၁စ၆	မော်ဘီမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၅)	ဦးနိုင်ဝင်း	၁၂/မဂတ(နိုင်)၀၀၀၁၁၇	သဃ်နီးကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၆)	ဦးရန်မျိုးအောင်	၁၄/ဖပန(နိုင်)၁၄၀၉၂စ	သန်လျင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၇)	ဒေါ်ဇင်ဇင်မျိုးထွန်း	၁၂/ကမတ(နိုင်)၀၆၄၅၉၉	အလုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)				
(၁၈)	ဦးအာကာလင်း	၁၃/လရန(နိုင်)၁၂၃၇စ၀	ပင်းတယမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၁၉)	ခွန်ညိုမောင်	၁၃/ဆဆန(နိုင်)၀၅၅၄၄၃၇	ဟိုပုံးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ
(၂၀)	ဦးကျော်အောင်သန်း	၁၃/နခတ(နိုင်)၀၀၃၄၀၅	နောင်ချိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၁)	စိုင်းဟွမ်ခွဲ	၁၃/ကတန(နိုင်)၀၀၆၀၀၆	ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၂)	စိုင်းအွန်ခမ်း	၁၃/တခလ(နိုင်)၀၄၁၃၃၄	တာချီလိတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၃)	ခွန်ကြည်	၁၃/တကန(နိုင်)၂၀၉၃စ၅	တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ
(၂၄)	ဦးလင်းအောင်ဆွေ	၁၂/ဒဂန(နိုင်)၀၁၆၁၉၆	နမ့်စန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၅)	ဦးနော်တောင်	၁၃/မဆတ(နိုင်)၀၃၃စ၈၄	မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၆)	စိုင်းခတ္တိယ	၁၃/မဆန(နိုင်)၀၁၂၃၅၁	မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၇)	ဒေါက်တာလဆိုင်း	၁၃/လရန(နိုင်)၀၀၇၁၄၄	လားရှိုးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၈)	စိုင်းကျော်ဌေး	၁၃/လခတ(နိုင်)၀၀၁၃၅၂	လင်းခေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၂၉)	ခွန်သက်နိုင်	၁၃/လလန(နိုင်)၀၇၀၀၄၄၃	လွှိုင်လင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ
ဧရာ၀တီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)				
(၃၀)	ဦးမြင့်ကြိုင်	၁၄/ကပန(နိုင်)၀၀၅၄၂၇	ကျုံပျော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၁)	ဦးအေးကျော်	၇/တင၊(နိုင်)၁၁၆၀၀၁	ပုသိမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၂)	ဦးစောသောင်းဒန်	၁၄/မအပ(နိုင်)၀၃၉၉၉၇	မအူပင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၃)	ဦးစိုးနိုင်	၁၄/မမန(နိုင်)၁၁၀၄စ၄	မြောင်းမြမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၄)	ဦးစိုးပိုင်	၁၄/ကခန(နိုင်)၀၂၃၆၉၃	ကြံ့ခင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ
(၃၅)	ဦးမျိုးမင်းသန်း	၁၄/မအန(နိုင်)၁၄စ၅၀၀	မြန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၆)	ဦးစန်းမင်း	၁၄/လပတ(နိုင်)၀၁၁၀၀၁	လပွတ္တာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ
(၃၇)	ဦးအေးဟန်	၁၄/ဟသတ(နိုင်)၀၉၄၇၂၇	ဟသံ၁တမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)	ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထုံးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧနှစ်လ ၀၊ ၇

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထုံးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ့ရုပ်ရှင်ထုံးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးစီးကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆုရွေးချယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့က အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရုပ်ရှင်ထုံးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ဇာတ်ကားများထဲမှ ရွေးချယ်ထားသော ဆန်ခါတင်ဇာတ်ကားများကို ဆုရွေးချယ်ရေး ဆပ်ကော်မတီက အသေးစိတ်ကြည့်ရှုစစ်ဆေးနေပြီ ဖြစ်ပါကြောင်း၊ အခမ်းအနားပြင်ဆင်ရေးအတွက် For-ever Group Company Limited နှင့် ပေါင်းစပ်ပြီး ယခင်နှစ်များထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်ထုံးချွန်ဆုချီးမြှင့်ပွဲကို ခမ်းခမ်းနားနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် အားလုံးပိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။ **(အမေါ်ယာဝုံ)**

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် ဆုချီးမြှင့်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ လိုအပ်သည်များကို ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြတ်မိုး အတွင်းဝန်က အခမ်းအနားအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဦးစီးကော်မတီအဖွဲ့ဝင်များနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်းထိခိုက်မှုကြောင့် တောင်သူအပေါ် ထိခိုက်မှုလျှော့ချရန် သီးနှံအာမခံစနစ် ပေါ်ပေါက်စေရေး ခေါင်းစဉ်ဖြင့် (၅၁) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းကျင်းပ

နေပြည်တော် ဧနှစ်လ ၀၊ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ (၅၁)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်း ဆွေးနွေးပွဲကို ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်း ထိခိုက်မှုကြောင့် တောင်သူအပေါ် ထိခိုက်မှုလျှော့ချရန် သီးနှံအာမခံစနစ် ပေါ်ပေါက်စေရေး ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သီးနှံအာမခံစနစ်ဆိုသည်မှာ တောင်သူများအတွက်သာမက စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံ့စီးပွားတည်ငြိမ်ရေးအတွက်ပါ မဖြစ်မနေ ဖေါ်ဆောင်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ရိတ်သိမ်းခါနီးအချိန်တွင် မမျှော်လင့်ထားသည့် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် သီးနှံများ ပျက်စီးသွားပါက တောင်သူများ ရင်းနှီးမြှုပ်နှံထားသည့် အရင်းအနှီးများ ဆုံးရှုံးစေရုံသာမက တောင်သူတစ်ဦးချင်းစီ၏ မိသားစုဘဝကို ထိခိုက်စေပြီး နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက် (Value Chain) တစ်ခုလုံးကိုပါ ထိခိုက်စေပါကြောင်း၊ ရာသီဥတုပြောင်းလဲဖြစ်စဉ်များကြောင့် သီးနှံအထွက်နှုန်းနှင့် တောင်သူအပေါ် ထိခိုက်မှုလျှော့ချနိုင်ရေးကို ထိရောက်စွာ ဖြေရှင်းနိုင်စေရန် တောင်သူများအတွက် နိုင်ငံတကာ အသိအမှတ်ပြုသည့် သီးနှံအာမခံစနစ်ကို ထားရှိစေခြင်း ဖြစ်ပါကြောင်း။

သီးနှံအာမခံစနစ်ကို ကြိုတင်ကာကွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအဖြစ် စနစ်တကျ အကောင်အထည်ဖော်သွားကြရန်နှင့် သဘာဝဘေးကြောင့် သီးနှံပျက်စီးသည့်အခါ တောင်သူများအနေဖြင့် ထိုက်သင့်သည့် လျော်ကြေးငွေကို ပြန်လည်ရရှိစေပြီး နောက်တစ်ရာသီ အတွက် ပြန်လည်စိုက်ပျိုးနိုင်ရန် အရင်းအနှီးရရှိစေမည်ဖြစ်ပါကြောင်း၊ သီးနှံအာမခံစနစ်ကို အကောင်အထည်ဖော်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပြီး အစိုးရအနေဖြင့် လိုအပ်သည့် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်းနှင့် အာမခံဂရီမီယံကြေးသတ်မှတ်ပေးနိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များက သီးနှံများ၏ အထွက်နှုန်းကွာဟချက် (Yield Gap)အပေါ် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ၏ သက်ရောက်မှုများ၊ သီးနှံအာမခံစနစ်နှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်း ထိခိုက်မှုကြောင့် တောင်သူများအပေါ် ထိခိုက်မှုလျှော့ချရန် လိုက်လျောညီထွေဖြစ်စေသော အလေ့အကျင့်များ၊ သီးနှံအာမခံစနစ် အမျိုးအစားများ၊ သီးနှံအာမခံထားရာတွင် ပါဝင်သင့်သည့် အချက်များနှင့် သတိပြုရမည့်အချက်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် တောင်သူများ၏ ထိခိုက်မှုလျှော့ချရန် ကိုင်တွယ်ဖြေရှင်းခြင်း နည်းဗျူဟာများ(Copping Strategies)၊ သုတေသနရလဒ်များအရ သီးနှံအာမခံစနစ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်းရှိ တောင်သူများ၏ သိမြင်မှုနှင့် သဘောထားများ၊ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် သီးနှံများကို တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့်အခါ သီးနှံအာမခံစနစ်၏ အရေးပါမှုများ၊ မြန်မာနိုင်ငံအတွင်းရှိ တောင်သူများ သီးနှံအာမခံစနစ် ကျင့်သုံးမည်ဆိုပါက ရရှိမည့်အကျိုးကျေးဇူးများ၊ ကြုံတွေ့နိုင်သောအခက်အခဲ၊ စိန်ခေါ်မှုနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြပြီး စကားဝိုင်းဆွေးနွေးပွဲတက်ရောက်လာကြသူများ၊ အွန်လိုင်းဖြင့် ပါဝင်တက်ရောက်သည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း၊ အကြံပြုသုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မတ္တရာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးပျက်စီးသူများအား နေ့ချင်းပြီးဆောင်ရွက်ပေး

မတ္တရာ ဧနှစ်လ ၀၊ ၇

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မတ္တရာမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့်(၃)ထပ်တိုးဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ဧနှစ်လ၀၊ရီ ၅ ရက်က တောင်ပြိုးကျေးရွာ၌ အခြေပြု၍ နေ့ချင်းပြီး ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ပန်းခင်းစီမံချက် အဆင့်(၃) ထပ်တိုးဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးရာတွင် တောင်ပြိုး၊ မင်းကန်၊ သရက္ကန်(တောင်)၊ သရက္ကန်(မြောက်) နှင့် ညောင်ကုန်းကျေးရွာအုပ်စုများမှ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူ အမျိုးသား ၉၇ ဦး၊ အမျိုးသမီး ၈၉ ဦး စုစုပေါင်း ၁၈၆ ဦးအား မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းအောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းတို့ သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ရွှေရာသား

ထို့ကြောင့် . . . ဤသို့ဆန္ဒမဲပေးကြသည်

မောင်ကမ္ဘာ

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများ၏ စိတ်အားထက်သန်စွာ အားတက်သရောမဲပေးမှုနှင့်အတူ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းများလည်း ပေါ်ထွက်လာပြီဖြစ်သည်။

ပြီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို လိုလားသည့် မဲဆန္ဒရှင်ပြည်သူများက နိုင်ငံသားတစ်ဦး၏ တာဝန်ကို ကျေပွန်စွာ အားတက်သရော လာရောက်ဆန္ဒမဲပေးခဲ့ကြသဖြင့် အောင်အောင်မြင်မြင်ပြီးမြောက်ခဲ့သည်ဟု ဆိုရပါမည်။

နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဖြစ်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယသံတမန်ချုပ် H.E. Mr. Sholban Kara-Ool က “ပြည်သူတွေက သူတို့အတွက် ခေါင်းဆောင်၊ မှန်ကန်တဲ့အစိုးရကို လျှို့ဝှက်စွာ ဆန္ဒမဲပေးရွေးချယ်နေကြတယ်။ ကျွန်တော်မြင်ရတာ ဒီရွေးကောက်ပွဲမှာ ပါတီတွေအများကြီး ဝင်ရောက်ယှဉ်ပြိုင်တာတွေ့ရပါတယ်။ ဒီစနစ်က ဒီမိုကရေစီလမ်းကြောင်းကို သွားမယ်ဆိုရင် အင်မတန်ကောင်းမွန်တဲ့စနစ် ဖြစ်ပါတယ်။ ပြည်သူတွေက အခုလိုစိတ်အားထက်သန်စွာမဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲအလွန်မှာ လွှတ်တော်တွေ ပေါ်လာမယ်၊ အစိုးရအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ကြမယ်။ နိုင်ငံတည်ငြိမ်အေးချမ်းအောင် အစိုးရသစ်က ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ဒီကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်”ဟု သဘောထား မှတ်ချက်ပေးခဲ့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အမြဲတမ်းကောင်စီဝင် Mr. Siarhei MIALESHKIN ကလည်း “မဲပေးဖို့လာတဲ့လူတွေက စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွရှိကြတယ်။ မဲပေးဖို့စီစဉ်ထားတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကလည်း ဥပဒေနဲ့အညီ စနစ်တကျရှိတာကို တွေ့ရပါတယ်”ဟု မှတ်ချက်ပြုခဲ့သည်။

ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ကလည်း “ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားတာ တွေ့ရပါတယ်။ နောက်တစ်ချက်က ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲကို စိတ်ဝင်စားကြတယ်။ လာရောက်မဲပေးတဲ့သူတွေထဲမှာ လူငယ်တွေ အများအပြား

> **“ပြည်သူတွေက သူတို့အတွက် ခေါင်းဆောင်၊ မှန်ကန်တဲ့အစိုးရကို လျှို့ဝှက်စွာ ဆန္ဒမဲပေးရွေးချယ်နေကြတယ်။ ကျွန်တော်မြင်ရတာ ဒီရွေးကောက်ပွဲမှာ ပါတီတွေ အများကြီး ဝင်ရောက်ယှဉ်ပြိုင်တာ တွေ့ရပါတယ်။ ဒီစနစ်က ဒီမိုကရေစီ လမ်းကြောင်းကိုသွားမယ်ဆိုရင် အင်မတန်ကောင်းမွန်တဲ့စနစ် ဖြစ်ပါတယ်။ ပြည်သူတွေက အခုလို စိတ်အားထက်သန်စွာမဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲအလွန်မှာ လွှတ်တော်တွေ ပေါ်လာမယ်၊ အစိုးရအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ကြမယ်။ နိုင်ငံတည်ငြိမ်အေးချမ်းအောင် အစိုးရသစ်က ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ဒီကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို လုပ်ဆောင်နိုင်မှာဖြစ်”**

တွေ့ရပါတယ်။ ဒါကလည်း ကောင်းမွန်တဲ့အချက်ဖြစ်ပါတယ်”ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံ ဟန္ဂျင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး H.E. Mr. Mario Jose Armengol Campos ကလည်း “မဲဆန္ဒရှင်ပြည်သူတွေက စိတ်လက်အေးချမ်းစွာ၊ လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးနိုင်တာ တွေ့ရတယ်။ အီလက်ထရောနစ် မဲပေးစက်အသုံးပြုပြီး မဲပေးတဲ့စနစ်ကလည်း အင်မတန်ကောင်းမွန်တဲ့နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို အခုလို အောင်အောင်မြင်မြင် ကျင်းပနိုင်ခြင်းက မြန်မာပြည်သူတွေအတွက် ကောင်းမွန်တဲ့အနာဂတ် ဖော်ဆောင်နိုင်မယ်လို့ ထင်မြင်ပါတယ်”ဟု သုံးသပ်ပြောကြားခဲ့သည်။

ပြည်တွင်း ပြည်ပ စောင့်ကြည့်လေ့လာသူများ ရှုမြင်သုံးသပ်အကဲဖြတ်ခဲ့သလို ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)သည် အဘယ်ကြောင့် အောင်အောင်မြင်မြင် ပြီးမြောက်ခဲ့ပါသနည်း။

ဓမ္မမိဠာန်ကျကျ ရှုမြင်နားလည်သဘောပေါက်ကြသော မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီစနစ်ကို လက်နက်ကိုင်လမ်းစဉ်ဖြင့် အကောင်အထည်ဖော်၍ မရနိုင်၊ ရွေးကောက်ပွဲလမ်းကြောင်းဖြင့်သာ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်သည်က တစ်ကြောင်း၊ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေ အရ လွှတ်တော်နိုင်ငံရေးလမ်းကြောင်းသည်သာ ငြိမ်းချမ်းသာယာဝပြောသော မြန်မာ့အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်သည်ကတစ်ကြောင်းကြောင့် ဖြစ်ပေသည်။

ထို့အတူ မဲဆန္ဒရှင်ပြည်သူများက ရွေးကောက်ပွဲအလွန် လွှတ်တော်များ ပေါ်ပေါက်လာပါကလည်း “နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှု မရှိစေရ။

မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို ဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ။

နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။

နိုင်ငံတော်သည် ပညာထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမထားရှိဘဲ ယင်းတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်။

နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။” စသည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ အခန်း ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများ နစ်နာဆုံးရှုံးမှုရှိပါက မိမိ ရွေးကောက်တင်မြှောက်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် တင်ပြဖြေရှင်းနိုင်၍ ဖြစ်ပေသည်။

ပြည်သူများက ပြည်သူ့ကိုယ်စား ရွေးကောက်တင်မြှောက်လိုက်သည့်ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များကလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေး၊ အစိုးရကို ထိန်းကျောင်းရေးနှင့် မိမိကို ရွေးကောက်တင်မြှောက်ခဲ့သည့် မဲဆန္ဒရှင်များ၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးကြရမည် ဖြစ်ပေသည်။

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)က ခွဲဝေပြဋ္ဌာန်းခဲ့သည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာသုံးရပ်နှင့်အညီ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးစီးပွားအတွက် လိုအပ်သော ဥပဒေကြမ်းများရေးဆွဲတင်သွင်းခြင်း၊ ခေတ်ကာလနှင့် မလျော်ညီသည့်ဥပဒေအချို့ကို ပယ်ဖျက်၊ ဖျက်သိမ်းခြင်းများဆောင်ရွက်နိုင်ပေသည်။ ဥပဒေ၏ သဘောသဘာဝအရ ခေတ်ကာလနှင့် မလျော်ညီသည့်အပြင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် မအပ်စပ်သည့် ဥပဒေအချို့မှာ အပြီးအပြတ် ပယ်ဖျက်ဖျက်သိမ်းခြင်း မပြုမချင်း အသက်ဝင်တည်ရှိနေဆဲပင်။ ဖတ်ရှုလေ့လာခြင်းမပြုသော ကျမ်းအိပ်များအလား အိပ်ပျော်နေသည့် သဘောသာ ဖြစ်ပေသည်။ တစ်ချိန်တွင် ပြန်လည်သက်ဝင်နိုးထလာပေမည်။ ဥပဒေကြမ်းများရေးဆွဲတင်သွင်း၊ အတည်ပြုခြင်း၊ ခေတ်နှင့်မလျော်ညီသည့် ဥပဒေများကို အပြီးအပြတ် ဖျက်သိမ်းခြင်းများသည် လွှတ်တော်၏ အဓိကပင်မတာဝန်များ ဖြစ်ပေသည်။

ထို့အတူ လက်ရှိရွေးကောက်ပွဲတွင် ရွေးချယ်ခြင်းမခံရသည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များ အနေဖြင့်လည်း လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်ခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းများကို မဆောင်ရွက်နိုင်သော်ငြား လွှတ်တော်ပြင်ပ နိုင်ငံရေးအဖြစ် လူထုအခက်အခဲကို နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများထံ ပေးပို့ဆောင်ရွက်နိုင်ပေသည်။

ဤသည်မှာ ဒီမိုကရေစီစနစ်၏အနှစ်သာရပင် ဖြစ်ပေသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို လိုလားသောပြည်သူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၁)တွင် အားတက်သရော ဤသို့ဆန္ဒမဲပေးခဲ့ကြခြင်း ဖြစ်ပေသည်။

ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မည်ဆိုလျှင် ပါလီမန်(လွှတ်တော်) ရှိရပါမည်။ ထို လွှတ်တော်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိရပါမည်။ ထိုလွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်မည့် ရွေးကောက်ပွဲ များရှိရပါမည်။ ထိုရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများရှိရပါမည်။ ထိုနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံကြရပါမည်။ ထိုနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ကြရပါမည်။

သို့ဖြင့် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)နှင့် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တို့တွင်လည်း ဒီမိုကရေစီစနစ်ကို လိုလားတောင့်တသည့် မဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ အကျိုးစီးပွား၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ နိုင်ငံသားတစ်ဦး၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည့်အနေဖြင့် အားတက်သရော၊ မပျက်မကွက် တစ်ခဲနက်ဆန္ဒမဲ လာရောက်ပေးကြဦးစို့။ ။

- **ပြည်တွင်း ပြည်ပ စောင့်ကြည့်လေ့လာသူများ ရှုမြင်သုံးသပ် အကဲဖြတ်ခဲ့သလို ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)သည် အဘယ်ကြောင့် အောင်အောင်မြင်မြင် ပြီးမြောက်ခဲ့ပါသနည်း**
- **ဓမ္မမိဠာန်ကျကျ ရှုမြင်နားလည်သဘောပေါက်ကြသော မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီစနစ်ကို လက်နက်ကိုင်လမ်းစဉ်ဖြင့် အကောင်အထည်ဖော်၍ မရနိုင်၊ ရွေးကောက်ပွဲလမ်းကြောင်းဖြင့်သာ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်သည်က တစ်ကြောင်း၊ လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေအရ လွှတ်တော်နိုင်ငံရေးလမ်းကြောင်းသည်သာ ငြိမ်းချမ်းသာယာဝပြောသော မြန်မာ့အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်သည်က တစ်ကြောင်းကြောင့်ဖြစ်**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ကျန်းမာရေးဝန်ကြီးဌာနမှ လူမှုဖူလုံရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်မည့် သစ်လွင်သူနာပြုများနှင့်တွေ့ဆုံ

နေပြည်တော် ဧနီနဝါရီ ၇

ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သို့ ခန့်အပ်တာဝန်ပေးအပ်ခဲ့သည့် သစ်လွင်သူနာပြုများကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် စုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ထမ်းဆောင်မည့် သစ်လွင်သူနာပြုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိနိုင်စေရန် လိုအပ်သည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ရွေးချယ်ခန့်ထားခြင်း၊ စာချုပ်စနစ်ဖြင့် ခန့်ထားခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ သစ်လွင်သူနာပြု ၃၀ ကို ခန့်အပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးဝင်အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်နှင့် မန္တလေးတို့ရှိ အလုပ်သမားဆေးရုံကြီးများ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်းများ၊ ဌာနကြီးဆေးခန်းများ၊ တိုင်းရင်းဆေးကုခန်း၊ ပဉ္စလိကနှင့် ပူးပေါင်းဆောင်ရွက်သည့် စာချုပ်ဆေးခန်းများ၊ သားဖွားခန်းများနှင့် ရွှေ့လျားဆေးကုသယာဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သစ်လွင်သူနာပြုများအနေဖြင့် ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံများကို လုပ်ငန်းခွင်လက်တွေ့လေ့လာသင်ယူကြပြီး သူနာပြုကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သည့် ဆေးပညာရပ်များ ဆက်လက်ဆည်းပူးလေ့လာနိုင်ရေး ဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာမခံအလုပ်သမားများအပေါ် နွေးထွေးယျုဇာစွာဖြင့် စေတနာထား ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဆရာဝန်၊ သူနာပြုများမှာ လူနာများ၏ အားထားရာ မျှော်လင့်ချက်ဖြစ်သဖြင့် ကိုယ်ချင်းစာတရားထားကာ ဆေးကုသမှု လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အလုပ်သမားဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်မည့် သစ်လွင်သူနာပြုများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အခမ်းအနားမှူးသင်တန်းနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှုသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧနီနဝါရီ ၇

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အခမ်းအနားမှူး (Master of Ceremony) သင်တန်းနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးတည်းဖြတ်မှု (Video Editing) သင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် ကျင်းပမည့် အခမ်းအနားများ၊ အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်ဝသည့် ဓာတ်ပုံ၊ ဗီဒီယိုနှင့် သတင်းမှတ်တမ်းများရရှိစေရန်၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ သတင်းအချက်အလက်သည် ဆက်သွယ်ရေးတွင် အလွန်အရေးကြီးပါကြောင်း၊ တင်ပြမှုများသည် ကောင်းမွန်ပြီးစနစ်ကျနမှုရှိမှသာ ပြည်သူ့ အသိပေးချင်သည့် အကြောင်းအရာအား အကောင်းဆုံး တင်ပြပေးနိုင်မည်ဖြစ်သည့်အတွက် အရေးပါသော သင်တန်းများဖြစ်ကြောင်း၊ သင်တန်းများသည် Professional သင်တန်းများဖြစ်သည့်အတွက် တက်ရောက်သည့် ဝန်ထမ်းများ အနေဖြင့် ဆွေးနွေးသင်ကြား ဝိုချချက်များကို ဂရုတစိုက် အလေးထားသင်ယူမှတ်သားကြရန်၊ မရှင်းလင်းသည့်အချက်များ၊ ထပ်မံသိရှိလိုသည့် အချက်များကို လည်း မေးမြန်းကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားမှူး (Master of Ceremony) သင်တန်းတွင် သင်တန်းသား ၄၉ ဦးနှင့် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူး တည်းဖြတ်မှု (Video Editing) သင်တန်းတွင် သင်တန်းသား ၃၉ ဦး စုစုပေါင်း သင်တန်းသား ၈၈ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို ဧနီနဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဓနရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ထနေ့ခ္ဍရိုးရာဝတ်စုံအဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်ပွဲတက်ရောက်

တောင်ကြီး ဧနီနဝါရီ ၇

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ရှမ်းပြည်နယ်မှကြီးကြပ်၍ထနေ့ခ္ဍတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဖွင့်လှစ်သည့် ထနေ့ခ္ဍရိုးရာဝတ်စုံ အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်ပွဲကို တောင်ကြီးမြို့နယ် အေးသာယာမြို့ နောင်အင်ပရိယတ္တိစာသင်တိုက်၌ ယနေ့ နံနက် ၁၀ နာရီကကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုဖွင့်လှစ်သည့် ထနေ့ခ္ဍရိုးရာဝတ်စုံ အဆင့်မြင့်စက်ချုပ်သင်တန်း သို့တက်ရောက်ကြသော သင်တန်းသူများအနေဖြင့် သင်တန်းနည်းပြမှ သင်ကြားပြသသည့်အချိန်တွင် စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန်နှင့် ထနေ့ခ္ဍစာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူများအနေဖြင့် ယခုဖွင့်လှစ်သည့် သင်တန်းအား အောင်မြင်စွာ ပြီးမြောက်နိုင်ရေးအတွက် ပိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မျိုးဆက်သစ် လူငယ်များအား လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ရေး၊ တိုင်းရင်းသားများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းသာယာသည့် အနာဂတ်နိုင်ငံတော်ကြီး ပေါ်ထွန်းနိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမ အချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများဖြင့် ကြိုးပမ်းတည်ဆောက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ထနေ့ခ္ဍရိုးရာဝတ်စုံ အဆင့်မြင့် စက်ချုပ်သင်တန်းအတွက် ရန်ပုံငွေနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်ရာ ထနေ့ခ္ဍစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီးက ပိတ်စများပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြသည်။

ယင်းနောက် ထနေ့ခ္ဍစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ သင်တန်းတွင် အသုံးပြုမည့် အပ်ချုပ်စက်နှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်အင်ပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညြို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ဇော်နိုင်လင်း

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ

ကယားပြည်နယ်ဝန်ကြီးချုပ် လွှင်ကော်မြို့ပေါ်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများသို့ အလှူငွေ လှူဒါန်း

နေပြည်တော် ဧနှစ်ဝါရီ ၇
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက လွှင်ကော်မြို့ပေါ် ရပ်ကွက်များရှိ နှစ်ခြင်းခရစ်ယာန်အသင်းတော်များသို့သွားရောက်ပြီး အသင်းတော် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အသင်းတော်များအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ မင်္ဂလာရပ်ကွက်ရှိ သီရိဒေါနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ အသင်းတော် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အသင်းဗိမာန် အပြီးသတ်ဆောက်လုပ်ရန် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးကာ အလှူငွေများ ပေးအပ်သည်။

ထို့နောက် ဒေါ်ဥခုရပ်ကွက်ရှိ လွှင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဘုရားကျောင်းအတွင်း စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းနိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ အသင်းတော်တာဝန်ရှိသူများထံ အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧနှစ်ဝါရီ ၇
မကွေးတိုင်းဒေသကြီး အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပမည့်မြို့နယ်များ၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မကွေးတိုင်းဒေသကြီး တာဝန်ခံ) ဦးအောင်လွင်ဦး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပမည့် မြို့နယ် ၁၁ မြို့နယ်တွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ပြင်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲပေးစက်ကိုင်သူများအတွက် မွမ်းမံသင်တန်းများကိုလည်း မြို့နယ်များတွင် ဖွင့်လှစ်ပို့ချထားပြီးဖြစ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ကြိုတင်မဲကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း၊ လုံခြုံရေး ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို စနစ်တကျ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းတင်ပြကြရာ တင်ပြမှုများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

ကျောင်းပြင်ပအလယ်တန်းပညာရေးကို မြို့နယ် ၂၉ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၆၁၅ ဦးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေ

ရန်ကုန် ဧနှစ်ဝါရီ ၇
၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး ဒုတိယစာသင်နှစ်ဝက် (Semester 2 , 4 , 6) နည်းပြများစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်(၄၂၆) ပြည်လမ်းရှိ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

သင်တန်း ဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံသင်ရိုးညွှန်းတမ်းအဖွဲ့ဥက္ကဋ္ဌနှင့် စာတတ်မြောက်ရေး အထောက်အကူပြု ပင်မအဖွဲ့တို့မှ တာဝန်ရှိသူများ၊ နည်းပြဆရာ ဆရာမများ၊ ကျောင်းပြင်ပအလယ်တန်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်အသီးသီးကို ဆုံးခန်းတိုင် မသင်ကြားခဲ့ရသူများကို ထိုပညာရေးအဆင့်ပြီးမြောက်စေရန် ကျောင်းပြင်ပမှပညာသင်ကြားလိုသူများ ဆက်လက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းပြင်ပ ပညာရေးမှ ကျောင်းပညာရေး (သို့မဟုတ်) နည်းပညာနှင့်သက်မွေးပညာရေးသို့ ကူးပြောင်းနိုင်သည့် တန်းညီပညာရေး အစီအစဉ်များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ၂၀၁၆ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာမှ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်တွင် မြို့နယ် ၂၉ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၆၁၅ ဦးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော်နေသည့် ဆရာ ဆရာမများကို ကျောင်းသင် ဆရာ ဆရာမများကဲ့သို့ စွမ်းရည်မြှင့်သင်တန်းများ နှစ်စဉ် စာသင်နှစ်အလိုက် ဦးစီးဌာန၏စီမံကွပ်ကဲမှု၊ စာတတ်မြောက်ရေးအထောက်အကူပြုပင်မအဖွဲ့၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပေးနေပါကြောင်း။ သင်တန်းတက်ရောက်ကြမည့် ဆရာ ဆရာမများ၊ ကြီးကြပ်မှုများအနေဖြင့် နည်းပြများသင်ကြားပို့ချသည့် သင်ခန်းစာများနှင့် နည်းပညာများကို အပတ်တကုတ် ကြိုးစားသင်ယူပြီး မိမိတို့ဒေသရှိ ကျောင်းပြင်ပ ပညာရေး Center များ၌ ကလေးများကို အရည်အသွေးရှိသော ကျောင်းပြင်ပ အလယ်တန်းပညာရေးကို အပြည့်အဝသင်ယူခွင့်ရရှိစေရေး၊ နိုင်ငံတော်အတွက် အနာဂတ်သားကောင်းရတနာများဖြစ်လာစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများကို ထောက်ပံ့ငွေ ပေးအပ်ရာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူသည်။

ယင်းနောက် စာတတ်မြောက်ရေးအထောက်အကူပြုပင်မအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက နူတ်ခွန်းဆက်အမှာစကားပြောကြားကာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောင်းပြင်ပအလယ်တန်းပညာရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယခုကျင်းပသည့် ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ဒုတိယ စာသင်နှစ်ဝက် (Semester 2, 4, 6) နည်းပြများ စွမ်းရည်မြှင့်သင်တန်းကို ဧနှစ်ဝါရီ ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပဆောင်ရွက်မည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနရှိ ဆယ်ခန်းတွဲ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် လမ်းမတော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ကြည့်မြင်တိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းအလိုက် ဆရာ ဆရာမများအတွက် ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ရာ တာဝန်ရှိသူ ဆရာ ဆရာမများက လက်ခံရယူကြကြောင်း သိရသည်။

သတင်းစဉ်

တံတားဦးမြို့နယ်၌ မဲရုံများပြင်ဆင်ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေး

တံတားဦး ဧနှစ်ဝါရီ ၇
တံတားဦးမြို့နယ်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ကျင်းပမည့် ရွှေမိုးမြေကျေးရွာ၊ ရေခါးကျေးရွာ၊ ချောင်းခွ ကျေးရွာနှင့် ငါးဇင်ရိုင်းကျေးရွာတို့တွင် မဲရုံများပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ယမန်နေ့က တာဝန်ရှိသူများ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ မဲရုံများပြင်ဆင်ထားမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံတာဝန်ကျ ဌာနဆိုင်ရာများအား မဲရုံများ စနစ်တကျ ခင်းထားရှိရေး၊ မဲရုံအတွင်း၊ အပြင်သန့်ရှင်းရေးနှင့် လုံခြုံရေးတို့ကိုလည်း အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

မြို့နယ် (ပြန်/ဆက်)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ်၊ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧနှစ်ဝါရီ ၇

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမ၌လည်းကောင်း၊ မိုင်းကိုင်မြို့နယ်နှင့် လဲချားမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမအသီးသီး၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇည့်ရိပ်သာ အစည်းအဝေးခန်းမ၌လည်းကောင်း ပြုလုပ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ခန့်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ်ခန့်ကြီးချုပ်များနှင့် တိုင်းမှူးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး၊ ပြည်နယ်ခန့်ကြီးချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ မြို့နယ်ခန်း၊မ၊ အမှတ်(၁)ရပ်ကွက်ရှိ မဲရုံ၊ အမှတ်(၂)ရပ်ကွက်ရှိ ရှမ်းစာပေယဉ်ကျေးမှုခန်းမရှိ မဲရုံနှင့် "ဝ"ယဉ်ကျေးမှုခန်းမရှိမဲရုံတို့အားလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့၊ မြို့နယ်ခန်း၊မ၊ မိုင်ကိုင်မြို့နယ်နှင့် လဲချားမြို့နယ်များအတွင်းရှိ မဲရုံနေရာများ အားလည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၊ မြို့မ (၃) ရပ်ကွက်ရှိ ရွေးကောက်ပွဲကော်မရှင်ရုံးအားလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ခန့်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ ထိန်းသိမ်းထားရှိမှု၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကြိုတင်မဲပေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်ခန့်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စဉ်ကိုင်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေး

စဉ်ကိုင် ဧနှစ်ဝါရီ ၇

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် စဉ်ကိုင်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယမန်နေ့က ရန်အောင်မြင်ရပ်ကွက် မြို့နယ်ခန်းမ၌ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဦးဇော်ဟိန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိများနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်ပြည်သူများအားလုံး ရာနှုန်းပြည့် မဲပေးနိုင်ရန် ရပ်ကွက် / ကျေးရွာ အုပ်စုအတွင်း အသိပေးကြေညာပေးစေလိုကြောင်း၊ မဲပေးမှုဖြန်ဆန်မှုနှိုက်နှိုက်စေရေးအတွက် မဲစာရင်းနံပါတ်ပါသည့် Slip များသည် အရေးပါသည့်အတွက် အားလုံးဖြန့်ဝေပေးစေလိုကြောင်း၊ စဉ်ကိုင်မြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများမှ ရာနှုန်းပြည့်မဲပေးပြီး မြန်မာတစ်နိုင်ငံလုံး မဲပေးမှုရာခိုင်နှုန်းမြင့်တက်စေရေးအတွက် တက်ရောက်လာသူများက ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။ **ကျော်စွာ (စဉ်ကိုင်)**

မောက်မယ်မြို့နယ်၌ MEVM စက် အသိပညာပေးသင်တန်းကျင်းပ

မောက်မယ် ဧနှစ်ဝါရီ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မောက်မယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသိပညာပေးသင်တန်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ် နမ့်ယွမ်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အမှာစကားပြောကြားပြီး လင်းခေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်အေးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် နည်းပညာအထောက်အကူပြု နည်းပြဆရာ

ဦးဟန်ဝင်းအောင်က MEVM စက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်မောက်မယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်သင်းသင်းနိုင်က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ပထမပိုင်းလုပ်ငန်းအတွေ့အကြုံများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အားသာချက်၊ အားနည်းချက်များ၊ မဲရုံမျိုး ဆရာ ဆရာမများက မဲရုံဆိုင်ရာလုပ်ငန်းအတွေ့အကြုံများနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေးဆွေးနွေးပြောကြားပြီး MEVM စက်များကို အဖွဲ့လိုက် တပ်ဆင်ပုံတပ်ဆင်နည်း သရုပ်ပြ တပ်ဆင်ခဲ့ကြသည်။

စိုင်းမျိုးသန့်(မောက်မယ်)

❖ *ကျောင်းမှ*

သံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant (Counsellor Affairs) Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ကျောင်းမှ*

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၆ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၅ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၇ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

ယင်းမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကာ အနောက် – အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

✻ *ကျောင်းမှ*

နော်တင်ဟမ်အသင်းသည် ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်နေခဲ့သည်။

သို့သော်လည်း နော်ဂျပ်ပိုင်းမိနစ်များတွင် နော်တင်ဟမ်ဖောရက်စ်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူကာ လေးပွဲဆက်ရှုံးနိမ့်မှုကို ချေဖျက်နိုင်ခဲ့သည်။ နော်တင်ဟမ်ဖောရက်စ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဒိုမင်ဂွက်ဇ်က သွင်းယူပေးပြီး အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ပယ်နယ်တီမှ တစ်ဆင့် ဂစ်ပို့ဂ်က သွင်းယူပေးခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ဝက်စ်ဟမ်းအသင်းသည် ၁၀ ပွဲဆက် နိုင်ပွဲဖျောက်ဆုံးမှုနှင့်အတူ တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။ ပြိုင်ဘက် နော်တင်ဟမ်အသင်းက ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လေးပွဲဆက်ရှုံးနိမ့်မှုကို ချေဖျက်ကာ တန်းဆင်းဇုန်အထက် ရမှတ်ပြတ် ရပ်တည်နိုင်ခဲ့သည်။

အောင်ဇော်

အားကစားမြေ့ငှင့် စိတ်လန်းရှင် ဆန့်ကျင်မှုယစ်ဆေး

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ (အပိုင်း ၁) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

စဉ်	မဲဆန္ဒနယ်	ကိုယ်စားလှယ်လောင်းအမည်	ပါတီ/တစ်သီးပုဂ္ဂလ	မဲရုံမဲ အရေအတွက်	ကြိုတင်မဲ အရေအတွက်	နိုင်လုံမဲ စုစုပေါင်း	နိုင်လုံမဲ ရာခိုင်နှုန်း
	မွန်ပြည်နယ်						
၁	ကျိုက်ထို			၂၀၉၇၀	၂၃၇၈	၂၃၃၄၈	
		ဦးဧယျာဦး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၇၇၀၉	၁၉၁၆	၉၆၂၅	**၄၁.၂၂%**
		ဦးရဲခန့်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၉၄၄	၁၈၀	၄၁၂၄	**၁၇.၆၆%**
		ဒေါ်တင်တင်နွယ်	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ	၃၄၅၇	၅၇	၃၅၁၄	**၁၅.၀၅%**
		ဦးကျော်ဝင်းထွန်း	မွန်ညီညွတ်ရေးပါတီ	၂၆၇၁	၉၃	၂၇၆၄	**၁၁.၈၄%**
		ဦးဝင်းကြည်(ခ)မင်းကြည်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၈၃၉	၆၈	၁၉၀၇	**၈.၁၇%**
		ဒေါ်သွယ်သွယ်ဦး	ပြည်သူ့ပါတီ	၁၃၅၀	၆၄	၁၄၁၄	**၆.၀၆%**
၂	ကျိုက်မရော			၁၆၄၀၉	၄၆၆၃	၂၁၀၇၂	
		ဦးအောင်ထွန်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၈၀၀	၄၂၀၄	၁၀၀၀၄	**၄၇.၄၇%**
		ဒေါက်တာနိုင်လှအောင်	မွန်ညီညွတ်ရေးပါတီ	၄၆၆၉	၂၂၃	၄၈၉၂	**၂၃.၂၂%**
		ဦးအောင်ဇော်စိုး	ပြည်သူ့ပါတီ	၂၀၆၉	၆၅	၂၁၃၄	**၁၀.၁၃%**
		ဒေါ်ကြူကြူမွေး	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ	၁၈၃၈	၅၇	၁၈၉၅	**၈.၉၉%**
		ဦးဘိုးပိန်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၂၃၆	၆၇	၁၃၀၃	**၆.၁၈%**
		ဦးအောင်တင်ထူး	ပြည်သူ့ရှေ့ဆောင်ပါတီ	၇၉၇	၄၇	၈၄၄	**၄.၀၁%**
၃	ချောင်းဆုံ			၄၈၆၃၈	၂၉၇၉	၅၁၆၁၇	
		ဦးအောင်ကြည်သိန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၈၉၆၁	၂၁၇၀	၂၁၁၃၁	**၄၀.၉၄%**
		ဦးနိုင်ထွန်းဦး	မွန်ညီညွတ်ရေးပါတီ	၂၀၀၃၂	၅၈၃	၂၀၆၁၅	**၃၉.၉၄%**
		ဒေါ်စီစီမာ	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ	၃၇၉၂	၉၀	၃၈၈၂	**၇.၅၂%**
		ဦးကျော်သိန်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၅၈၃	၈၄	၃၆၆၇	**၇.၁၀%**
		ဦးခန့်ကိုကို	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၂၇၀	၅၂	၂၃၂၂	**၄.၅၀%**
၄	မော်လမြိုင်			၈၅၃၉၅	၅၃၇၅	၉၀၇၇၀	
		ဦးတင်ဇော်ထွန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၈၄၇၉	၃၉၉၇	၃၂၄၇၆	**၃၅.၇၈%**
		ဦးနေလင်းကျော်	မွန်ညီညွတ်ရေးပါတီ	၂၆၀၇၅	၅၃၃	၂၆၆၀၈	**၂၉.၃၁%**
		ဦးသန်းအောင်	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ	၈၂၃၃	၁၇၁	၈၄၀၄	**၉.၂၆%**
		ဦးမျိုးအောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၆၁၀၄	၂၁၇	၆၃၂၁	**၆.၉၆%**
		ဦးအောင်ထွန်းမြင့်	ပြည်သူ့ပါတီ	၄၇၄၉	၁၄၃	၄၈၉၂	**၅.၃၉%**
		ဦးဟိန်းလင်းအောင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၄၅၂၆	၁၄၅	၄၆၇၁	**၅.၁၅%**
		ခွန်ကျော်ဆန်း	ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၈၆၉	၁၁၉	၃၉၈၈	**၄.၃၉%**
		ဦးဇော်မျိုးလတ်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၃၆၀	၅၀	၃၄၁၀	**၃.၇၆%**
၅	သထုံ			၄၁၆၀၉	၄၂၄၇	၄၅၈၅၆	
		ဒေါ်လေးမိုးသူ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၃၀၅၉	၃၃၂၅	၁၆၃၈၄	**၃၅.၇၃%**
		ခွန်သက်မောင်မောင်	ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၇၆၆၄	၂၁၁	၇၈၇၅	**၁၇.၁၇%**
		ဒေါ်စုမြတ်သွယ်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၆၄၅၁	၁၉၃	၆၆၄၄	**၁၄.၄၉%**
		ဦးဝင်းဇော်ဦး	အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ	၅၈၃၀	၂၇၅	၆၁၀၅	**၁၃.၃၁%**
		ဦးဟန်ဝင်းအောင်	မွန်ညီညွတ်ရေးပါတီ	၃၄၄၄	၁၁၅	၃၅၅၉	**၇.၇၆%**
		ဦးယဉ်ဝင်းနိုင်	ပြည်သူ့ပါတီ	၂၈၅၁	၆၂	၂၉၃၃	**၆.၃၅%**
		ဦးဝင်းမင်းဦး	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၃၁၀	၆၆	၂၃၇၆	**၅.၁၉%**
	ရန်ကုန်တိုင်းဒေသကြီး						
၆	ကမာရွတ်			၁၂၈၄၅	၉၀၉	၁၃၇၅၄	
		ဒေါ်သီသီမွန်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၄၄၁	၆၂၉	၅၀၇၀	**၃၆.၈၆%**
		ဦးမြင့်သူ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၄၂၀	၆၆	၂၄၈၆	**၁၈.၀၇%**
		ဦးထင်လင်းအောင်	ပြည်သူ့ပါတီ	၁၈၁၆	၅၈	၁၈၇၄	**၁၃.၆၃%**
		ဒေါ်အေးစန္ဒာမြင့်	တစ်သီးပုဂ္ဂလ	၁၆၀၄	၆၃	၁၆၆၇	**၁၂.၁၂%**
		ဦးသူထက်ကျော်လွင်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၅၆၀	၆၂	၁၆၂၂	**၁၁.၇၉%**
		ဒေါ်စောစန္ဒာမြင့်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၀၀၄	၃၁	၁၀၃၅	**၇.၅၃%**
၇	ကျောက်တံတား			၆၄၀၈	၇၃၈	၇၁၄၆	
		ဦးသိန်းနိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၀၀၂	၅၈၃	၃၅၈၅	**၅၀.၁၇%**
		ဦးကိုကိုနိုင်	ပြည်သူ့ပါတီ	၁၀၇၈	၅၂	၁၁၃၀	**၁၅.၈၁%**
		ဦးတင်ဇာလီဝင်းထွန်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၆၈၉	၂၉	၇၁၈	**၁၀.၀၅%**
		ဦးမြသိန်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၈၆	၃၀	၆၁၆	**၈.၆၂%**
		ဦးချစ်သက်ပိုင်ဦး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၅၂	၂၄	၅၇၆	**၈.၀၆%**
		ဦးမြင့်ဦး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၅၀၁	၂၀	၅၂၁	**၇.၂၉%**
၈	တိုက်ကြီး			၁၁၆၄၀၇	၁၆၇၂၀	၁၃၃၁၂၇	
		ဦးဝင်းသက်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၈၉၁၉	၁၁၉၅၀	၅၀၈၆၉	**၃၈.၂၁%**
		ဒေါ်အေးအေးပို	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၈၃၁၃	၁၄၂၁	၁၉၇၃၄	**၁၄.၈၂%**
		ဦးကျော်ကျော်လင်း	ပြည်သူ့ပါတီ	၁၃၂၆၄	၇၅၇	၁၄၀၂၁	**၁၀.၅၃%**
		ဦးမင်းနိုင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၀၉၈၃	၅၁၄	၁၁၄၉၇	**၈.၆၄%**
		ဦးမျိုးဇော်ထွေး	ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ	၈၈၈၉	၅၂၃	၉၄၁၂	**၇.၀၇%**
		ဦးနေဇာလင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၇၈၄၂	၆၂၈	၈၄၇၀	**၆.၃၆%**
		ဦးမှန်းတင်အောင်နိုင်လင်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၇၂၃၇	၄၀၂	၇၆၃၉	**၅.၇၄%**
		ဒေါ်ခင်စန်းဝင်း	ဒီမိုကရက်တစ်ပါတီ	၅၈၆၆	၂၂၄	၆၀၉၀	**၄.၅၈%**
		ဒေါ်နွေဦးမွန်	မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ	၅၀၉၄	၃၀၁	၅၃၉၅	**၄.၀၅%**

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

၉	တွံတေး			၁၀၈၈၀၂	၄၉၅၅၇	၁၁၃၇၅၉	
		ဦးနေဝင်း	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၂၂၃၇	၃၄၁၉	၄၅၆၅၆	**၄၀.၁၃%**
		ဦးဗညားဆွေထွန်း	စစ်မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ	၂၇၈၁၀	၅၆၂	၂၈၃၇၂	**၂၄.၉၄%**
		ဒေါ်တင်ထားဝေ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၉၃၈၂	၃၁၉	၉၇၀၁	**၈.၅၃%**
		ဦးဇော်မင်း	ပြည်သူ့ရွေးဆောင်ပါတီ	၉၃၁၉	၃၀၉	၉၆၂၈	**၈.၄၆%**
		ဒေါ်မျိုးပပအောင်	ပြည်သူ့ပါတီ	၈၀၉၂	၁၁၇	၈၂၀၉	**၇.၂၂%**
		ဦးမျိုးကိုကို	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၁၃၄	၉၅	၇၂၂၉	**၆.၃၆%**
		ဦးဝင်းဇော်	ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ	၄၈၂၈	၁၃၆	၄၉၆၄	**၄.၃၆%**
၁၀	ဒဂုံမြို့သစ်(တောင်ပိုင်း)			၈၁၇၁၄	၂၃၃၅	၈၄၀၄၉	
		ဦးစိုးယု	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၈၄၈၆	၁၇၂၃	၃၀၂၀၉	**၃၅.၉၄%**
		ဒေါ်နွယ်နီကျော်	ပြည်သူ့ပါတီ	၁၂၄၈၃	၁၁၃	၁၂၅၉၆	**၁၄.၉၉%**
		ဦးကျော်ရဲပိုင်	ပြည်သူ့ရွေးဆောင်ပါတီ	၁၁၁၃၅	၁၆၃	၁၁၂၉၈	**၁၃.၄၄%**
		ဦးနေဇော်အောင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၁၀၃၀	၁၂၈	၁၁၁၅၈	**၁၃.၂၈%**
		ဦးသန့်ဇော်မိုး	တစ်သီးပုဂ္ဂလ	၇၆၇၁	၁၂၂	၇၇၉၃	**၉.၂၇%**
		ဦးချမ်းဝင်းဟန်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၅၅၆၀	၆၇	၅၆၂၇	**၆.၆၉%**
		ဦးနေလင်းထွန်း	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၃၄၉	၁၉	၅၃၆၈	**၆.၃၉%**
၁၁	ဗိုလ်တထောင်			၁၂၀၄၄	၃၀၁၃	၁၅၀၅၇	
		ဦးအောင်မိုးကျော်	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၅၈၁	၂၈၆၃	၈၄၄၄	**၅၆.၀၈%**
		ဒေါ်ခင်မျိုးထက်	ပြည်သူ့ပါတီ	၂၅၂၂	၅၈	၂၅၈၀	**၁၇.၁၄%**
		ဒေါ်သင်းသင်းမျိုး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၀၆၆	၄၄	၂၁၁၀	**၁၄.၀၁%**
		ဦးနန်းအောင်	ပြည်သူ့ရွေးဆောင်ပါတီ	၁၈၇၅	၄၈	၁၉၂၃	**၁၂.၇၇%**
၁၂	မရမ်းကုန်း			၄၀၀၇၀	၂၉၈၁	၄၃၀၅၁	
		ဦးမင်းသိန်းထွန်း	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၆၅၈၅	၂၄၅၃	၁၉၀၃၈	**၄၄.၂၂%**
		ဒေါ်ဝါဝါလွင်	ပြည်သူ့ပါတီ	၅၈၅၇	၁၀၀	၅၉၅၇	**၁၃.၈၄%**
		ဒေါ်နီနီစော	ပြည်သူ့ရွေးဆောင်ပါတီ	၅၄၆၂	၁၅၉	၅၆၂၁	**၁၃.၀၆%**
		ဒေါ်လှသိန်းဌေး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၀၂၁	၁၂၁	၅၁၄၂	**၁၁.၉၄%**
		ဒေါ်သဇွာသိမ့်သိမ့်လှိုင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၄၁၃၆	၉၆	၄၂၃၂	**၉.၈၃%**
		ဒေါ်မိမိစိုးမင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၀၀၉	၅၂	၃၀၆၁	**၇.၁၁%**
၁၃	မင်္ဂလာဒုံ			၉၂၉၃၆	၁၁၆၈၃	၁၀၄၆၁၉	
		ဦးမျိုးမင်းနိုင်	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၂၅၉၈	၁၀၀၉၅	၅၂၆၉၃	**၅၀.၃၇%**
		ဒေါ်ကျော့အိအိဇင်	ပြည်သူ့ပါတီ	၁၂၄၁၃	၃၁၀	၁၂၇၂	**၁၂.၁၆%**
		ဦးပြည့်ဖြိုးအောင်	ပြည်သူ့ရွေးဆောင်ပါတီ	၁၀၆၅၀	၃၈၄	၁၁၀၃၄	**၁၀.၅၅%**
		ဦးစိုးဝင်းအေး	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၀၀၄၃	၃၆၆	၁၀၄၀၉	**၉.၉၅%**
		ဦးညီညီထွန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆၄၆၄	၂၀၆	၆၆၇၀	**၆.၃၇%**
		ဦးဇော်ဇော်ထက်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၆၀၇	၁၄၂	၅၇၄၉	**၅.၄၉%**
		ဒေါ်မြတ်ဆုမွန်	တစ်သီးပုဂ္ဂလ	၅၁၆၁	၁၈၀	၅၃၄၁	**၅.၁၁%**
၁၄	မော်ဘီ			၁၀၃၈၁၁	၁၃၁၀၅	၁၁၆၉၁၆	
		ဦးကြည်မြင့်	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၇၈၂၇	၁၁၀၄၀	၅၈၈၆၇	**၅၀.၃၅%**
		ဦးဝင်းတင်	ပြည်သူ့ပါတီ	၁၂၃၈၀	၃၇၆	၁၂၇၅၆	**၁၀.၉၁%**
		ဒေါ်စောယုနန္ဒာ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၁၀၇၈	၅၇၇	၁၁၆၅၅	**၉.၉၇%**
		ဒေါ်ယဉ်ယဉ်အေး	ပြည်သူ့ရွေးဆောင်ပါတီ	၉၅၂၃	၄၉၆	၁၀၀၁၉	**၈.၅၇%**
		ဒေါ်ခင်ခင်လှိုင်	ဒီမိုကရက်တစ်ပါတီ	၆၅၁၃	၁၅၇	၆၆၇၀	**၅.၇၀%**
		ဒေါ်အေးအေးသွယ်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၅၆၃၄	၁၂၉	၅၇၆၃	**၄.၉၃%**
		ဦးလှိုင်ဘွား	ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၉၅၁	၁၂၉	၄၀၈၀	**၃.၄၉%**
		ဦးသန်းအုန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၉၅၃	၁၂၅	၄၀၇၈	**၃.၄၉%**
		ဒေါ်သဇွာထွေး	မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ	၂၉၅၂	၇၆	၃၀၂၈	**၂.၅၉%**
၁၅	သင်္ဃန်းကျွန်း			၄၄၆၃၆	၂၀၃၈	၄၆၆၇၄	
		ဦးနိုင်ဝင်း	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၄၅၉၅	၁၂၁၉	၁၅၈၁၀	**၃၃.၈၇%**
		ဦးစိုးထက်ဝင်း	ပြည်သူ့ပါတီ	၆၉၄၉	၁၆၉	၇၁၁၈	**၁၅.၂၅%**
		ဦးတင်ကိုကို	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၂၀၆	၁၇၉	၅၃၈၅	**၁၁.၅၃%**
		ဦးပြည့်ဖြိုးပိုင်	ပြည်သူ့ရွေးဆောင်ပါတီ	၄၅၃၉	၁၅၀	၄၆၈၉	**၁၀.၀၅%**
		ဦးအောင်ကိုကိုဖုန်း	တစ်သီးပုဂ္ဂလ	၄၁၀၈	၇၄	၄၁၈၂	**၈.၉၆%**
		ဒေါ်မြင့်မြင့်မေ	တစ်သီးပုဂ္ဂလ	၃၄၄၉	၉၇	၃၅၄၆	**၇.၆၀%**
		ဒေါ်ခိုင်စပါယ်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၉၄၂	၇၂	၃၀၁၄	**၆.၄၆%**
		ဦးသန့်ဇော်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၈၅၂	၇၈	၂၉၃၀	**၆.၂၈%**
၁၆	သန်လျင်			၁၀၅၁၁၆	၉၆၂၀	၁၁၄၇၃၆	
		ဦးရန်မျိုးအောင်	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၅၁၆၈	၇၈၂၀	၅၂၉၈၈	**၄၆.၁၈%**
		ဦးမြင့်သန်း	ပြည်သူ့ပါတီ	၁၇၅၁၇	၄၄၉	၁၇၉၆၆	**၁၅.၆၆%**
		ဦးဇာနည်တင့်ဝေ(ခ)ကောင်းမင်းခန့်	ပြည်သူ့ရွေးဆောင်ပါတီ	၁၇၂၉၈	၆၂၆	၁၇၉၂၄	**၁၅.၆၂%**
		ဒေါ်ယုယုခိုင်	ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ	၁၃၈၀၂	၄၁၄	၁၄၂၁၆	**၁၂.၃၉%**
		ဦးခင်ဇော်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၁၃၃၁	၃၁၁	၁၁၆၄၂	**၁၀.၁၅%**
၁၇	အလုံ			၈၉၈၁	၁၀၁၂	၉၉၉၃	
		ဒေါ်ဇင်မျိုးထွန်း	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၈၃၅	၅၀၇	၃၃၄၂	**၃၃.၄၄%**
		ဦးခင်မောင်ဝင်း	ပြည်သူ့ပါတီ	၂၄၄၁	၁၆၄	၂၆၀၅	**၂၆.၀၇%**
		ဒေါ်အေးစန္ဒာမြင့်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၂၀၁	၁၈၃	၂၃၈၄	**၂၃.၈၆%**
		ဦးနန္ဒမျိုးအောင်	ပြည်သူ့ရွေးဆောင်ပါတီ	၁၅၀၄	၁၅၈	၁၆၆၂	**၁၆.၆၃%**

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

	ရွမ်းပြည်နယ်						
၁၈	ပင်းတယ			၄၄၁၆၀	၂၉၈၅	၄၇၁၄၅	
		ဦးအာကာလင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၁၀၄၂	၁၉၅၂	၂၂၉၉၄	**၄၈.၇၇%**
		ဦးစိန်ဝင်း(ခ)ဦးမျိုးသိန်း	ဓနတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ	၁၇၆၅၈	၈၄၁	၁၈၄၉၉	**၃၉.၂၄%**
		ဦးကျော်ထွေး	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၃၅၉၁	၁၀၇	၃၆၉၈	**၇.၈၄%**
		ဦးဝင်းသော်	ပြည်သူ့ရှေ့ဆောင်ပါတီ	၁၈၆၉	၈၅	၁၉၅၄	**၄.၁၅%**
၁၉	ဟိုပုံး			၄၂၁၁	၄၂၉၆	၄၆၄၁၃	
		ခွန်ညိုမောင်	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၃၃၂၄၃	၁၄၈၃	၃၄၇၂၆	**၇၄.၈၂%**
		ဦးမောင်မောင်အောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၂၇၆	၂၆၂၃	၈၈၉၉	**၁၉.၁၇%**
		ဦးထွန်းမင်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၅၉၈	၁၉၀	၂၇၈၈	**၆.၀၁%**
၂၀	နောင်ချို			၄၃၂၀၉	၅၃၈၇	၄၈၅၉၆	
		ဦးကျော်အောင်သန်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၁၂၉၇	၄၄၅၆	၂၅၇၅၃	**၅၃.၀၀%**
		ဦးစည်သူဝင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၀၆၅၇	၅၁၀	၁၁၀၆၇	**၂၂.၉၈%**
		ဦးထိန်လင်း	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၅၄၁	၂၆၀	၇၈၀၁	**၁၆.၀၅%**
		ဒေါ်မိုးသီရိဇာ	တစ်သီးပုဂ္ဂလ	၃၇၁၄	၁၆၁	၃၈၇၅	**၇.၉၇%**
၂၁	ကျိုင်းတုံ			၄၃၈၅၂	၉၉၂၄	၅၃၇၇၆	
		စိုင်းဟွမ်ခွဲ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၄၉၀၇	၈၂၄၂	၃၃၁၄၉	**၆၁.၆၄%**
		စိုင်းစိုးမိုးအေး	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၉၆၃	၆၈၁	၉၆၄၄	**၁၇.၉၃%**
		ဒေါ်နာလူးဒီ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၄၉၀၃	၃၉၅	၅၂၉၈	**၉.၈၅%**
		ဦးအားဂျေ	အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၅၉၃	၃၂၅	၂၉၁၈	**၅.၄၃%**
		ဦးဟင်နရီ	ပြည်သူ့ရှေ့ဆောင်ပါတီ	၂၄၈၆	၂၈၁	၂၇၆၇	**၅.၁၅%**
၂၂	တာချီလိတ်			၅၄၉၉၅	၄၇၇၈	၅၉၇၇၃	
		စိုင်းအွန်ခမ်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၂၂၆၃	၃၆၅၀	၂၅၉၁၃	**၄၃.၃၅%**
		ဦးစံဝင်းအောင်	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၂၄၈၅၈	၇၂၇	၂၅၅၈၅	**၄၂.၈၁%**
		ဦးအားဂျူး	အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၄၇၄၂	၂၂၅	၄၉၆၇	**၈.၃၁%**
		ဒေါ်ဒီးလာ	ပြည်သူ့ရှေ့ဆောင်ပါတီ	၃၁၃၂	၁၇၆	၃၃၀၈	**၅.၅၃%**
၂၃	တောင်ကြီး			၁၇၁၃၇၇	၁၂၉၀၀	၁၈၄၂၇၇	
		ခွန်ကြည်	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၇၅၆၀၁	၂၆၄၄	၇၈၂၄၅	**၄၂.၄၆%**
		ဦးအောင်သူရှင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၃၆၆၄၄	၇၅၄၁	၄၄၁၈၅	**၂၃.၉၈%**
		ဒေါ်မိုးအိအိဖြူ	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၂၁၁၄	၅၅၇	၁၂၆၇၁	**၆.၈၈%**
		ဒေါ်ခင်သက်နွယ်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၀၉၂၃	၄၆၄	၁၁၃၈၇	**၆.၁၈%**
		ဒေါ်ခင်သီတာထွန်း	ပြည်သူ့ပါတီ	၈၈၆၉	၂၇၉	၉၁၄၈	**၄.၉၆%**
		ဦးတင်ဦး	ပြည်သူ့ရှေ့ဆောင်ပါတီ	၈၄၃၈	၃၉၂	၈၈၃၀	**၄.၇၉%**
		ဦးမျိုးကျော်	ဓနတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ	၆၈၇၆	၃၁၃	၇၁၈၉	**၃.၉၀%**
		ဒေါ်တင်မမမောင်	တစ်သီးပုဂ္ဂလ	၄၄၇၃	၂၄၄	၄၇၁၇	**၂.၅၆%**
		ဦးအောင်ကြည်ဦး	အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၄၁၁၉	၂၉၈	၄၄၁၇	**၂.၄၀%**
		ဦးဝဏ္ဏဗိုလ်	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၃၃၂၀	၁၆၈	၃၄၈၈	**၁.၈၉%**
၂၄	နမ့်စန်			၃၅၃၁၇	၅၁၉၀	၄၀၅၀၇	
		ဦးလင်းအောင်ဆွေ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၉၅၇၉	၄၆၃၃	၂၄၂၁	**၅၉.၇၇%**
		ဒေါ်ပိုးနှင်းဖြူ	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၀၆၇၃	၃၉၄	၁၁၀၆၇	**၂၇.၃၂%**
		နန်းဖြူဖြူမြင့်	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၅၀၆၅	၁၆၃	၅၂၂၈	**၁၂.၉၁%**
၂၅	မူဆယ်			၂၂၅၉	၁၉၈၆	၂၄၅၇၈	
		ဦးနေ၁တောင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၀၈၈၁	၁၆၇၀	၁၂၅၅၁	**၅၁.၀၇%**
		ဦးစိုင်းသန်းဦး	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၁၇၁၁	၃၁၆	၁၂၀၂၇	**၄၈.၉၃%**
၂၆	မိုင်းဆတ်			၃၃၇၃၆	၄၆၃၄	၃၈၃၇၀	
		စိုင်းခတ္တိယ	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၂၅၂၇၀	၄၀၈၃	၂၉၃၅၃	**၇၆.၅၀%**
		စိုင်းဖူးလူ	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၃၅၉၃	၂၀၂	၃၇၉၅	**၉.၉၀%**
		စိုင်းမိုင်းဟန်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၁၃၃	၂၅၅	၃၃၈၈	**၈.၈၃%**
		ဒေါ်လားလာ	အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၇၄၀	၉၄	၁၈၃၄	**၄.၇၇%**
၂၇	လားရှိုး			၂၉၈၅၀	၅၇၁၃	၃၅၅၆၃	
		ဒေါက်တာလဆိုင်း	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၆၀၉၁	၄၅၄၂	၂၀၆၃၃	**၅၈.၀၂%**
		ဦးစိုင်းခွန်လူ	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၉၅၂	၇၅၈	၈၇၁၀	**၂၄.၄၉%**
		ဒေါ်ခင်မျိုးကြည်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၅၈၀၇	၄၁၃	၆၂၂၀	**၁၇.၄၉%**
၂၈	လင်းခေး			၁၅၂၀၈	၃၁၆၇	၁၈၃၇၅	
		စိုင်းကျော်ဌေး	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၇၀၃၉	၂၂၁၇	၉၂၅၆	**၅၀.၃၇%**
		ဦးစိုင်းလှကျော်	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၁၆၉	၉၅၀	၉၁၁၉	**၄၉.၆၃%**
၂၉	လွှိုင်လင်			၃၂၂၉၉	၃၇၀၇	၃၆၀၀၆	
		ခွန်သက်နိုင်	ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ	၁၇၀၆၆	၇၆၅	၁၇၈၃၁	**၄၉.၅၂%**
		ဦးစိုင်းထွန်းဆိုင်	ရွမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၉၃၇၆	၆၅၉	၁၀၀၃၅	**၂၇.၈၇%**
		နန်းစံညွန့်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၈၅၇	၂၂၈၃	၈၁၄၀	**၂၂.၆၁%**
	ဧရာဝတီတိုင်းဒေသကြီး						
၃၀	ကျုံပျော်			၁၀၂၄၂	၆၀၆၇	၁၀၈၄၈	
		ဦးမြင့်ကြိုင်	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၀၅၅	၃၅၈၄	၄၄၁၃၅	**၄၀.၆၈%**
		စမင်းရွှေ	ကရင်ပြည်သူ့ပါတီ	၂၀၈၇၉	၈၂၀	၂၁၆၉၉	**၂၀.၀၀%**
		ဒေါ်ခင်သန်းဆွေ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၄၅၉၄	၅၆၆	၁၅၁၆၀	**၁၃.၉၈%**
		ဦးခင်စန်း	ပြည်သူ့ရှေ့ဆောင်ပါတီ	၉၈၁၁	၃၆၇	၁၀၁၇၈	**၉.၃၈%**
		ဦးအောင်မြင့်ထွန်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၈၆၆၃	၄၂၀	၉၀၈၃	**၈.၃၇%**
		ဒေါ်စုလှိုင်	ပြည်သူ့ပါတီ	၇၉၂၃	၃၁၀	၈၂၃၃	**၇.၅၉%**

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

၃၁	ပုသိမ်			၁၃၂၅၇၆	၁၀၃၃၂	၁၄၂၉၀၈	
		ဦးအေးကျော်	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၆၂၂၄၈	၈၂၀၉	၇၀၄၅၇	**၄၉.၃၀%**
		ဦးအောင်တေဇအေး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၈၈၂၆	၆၇၄	၁၉၅၀၀	**၁၃.၆၅%**
		ဦးမင်းဟိန်း(ခ)ဦးမင်းသက်နိုင်	ပြည်သူ့ရွေးဆောင်ပါတီ	၁၈၀၉၉	၆၁၅	၁၈၇၁၄	**၁၃.၀၉%**
		စောသိန်းခင်	ကရင်ပြည်သူ့ပါတီ	၁၆၈၃၈	၅၄၀	၁၇၃၇၈	**၁၂.၁၆%**
		ဦးဝင်းနိုင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၁၆၅၆၅	၂၉၄	၁၆၈၅၉	**၁၁.၈၀%**
၃၂	မအူပင်			၁၃၉၃၈၁	၅၃၄	၁၄၄၇၂၉	
		ဦးစောသောင်းဒန်	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၇၁၅၈၀	၄၀၉၈	၇၅၆၇၈	**၅၂.၂၉%**
		ဒေါ်ခင်မျိုးသက်	ပြည်သူ့ပါတီ	၂၂၈၇၁	၃၈၉	၂၃၂၆၀	**၁၆.၀၇%**
		ဦးမျိုးခိုင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၆၁၈၅	၂၈၁	၁၆၄၆၆	**၁၁.၃၈%**
		နန့်ရူပါသန်း	ကရင်ပြည်သူ့ပါတီ	၇၆၀၈	၁၉၈	၇၈၀၆	**၅.၃၉%**
		ဦးအောင်ကြည်စိုး	ပြည်သူ့ရွေးဆောင်ပါတီ	၇၁၆၁	၁၃၃	၇၂၉၄	**၅.၀၄%**
		ဦးသက်ဆွေဦး	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၆၉၇၃	၁၇၁	၇၁၄၄	**၄.၉၄%**
		ဦးပြည့်ဖြိုးအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၇၀၀၃	၇၈	၇၀၈၁	**၄.၈၉%**
၃၃	မြောင်းမြ			၁၃၄၆၆၆	၄၇၁၈	၁၃၉၃၈၄	
		ဦးစိုးနိုင်	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၂၃၃၃	၂၅၄၀	၅၄၈၇၃	**၃၉.၃၇%**
		ဦးထွန်းထွန်းဝင်း	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၁၄၉၇	၈၁၉	၃၂၃၁၆	**၂၃.၁၈%**
		ဦးအောင်တင်ထွန်း	ပြည်သူ့ရွေးဆောင်ပါတီ	၁၈၁၂၀	၅၉၂	၁၈၇၁၂	**၁၃.၄၃%**
		ဦးမိုးကျော်သူ	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၁၂၈၆၂	၃၉၇	၁၃၂၅၉	**၉.၅၁%**
		ဦးစိုးအောင်	ပြည်သူ့ပါတီ	၁၁၇၃၂	၂၄၄	၁၁၉၇၆	**၈.၅၉%**
		ဒေါ်သင်းသင်းဦး	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၁၂၂	၁၂၆	၈၂၄၈	**၅.၉၂%**
၃၄	ကြီခင်း			၄၄၆၇၈	၂၀၁၉	၄၆၇၁၇	
		ဦးစိုးပိုင်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၂၀၄၀၂	၇၇၉	၂၁၁၈၁	**၄၅.၃၄%**
		ဦးစောမင်းထူး	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၁၄၇၀၆	၉၇၃	၁၅၆၇၉	**၃၃.၅၆%**
		ဦးဝင်းမင်းသိုက်	ပြည်သူ့ရွေးဆောင်ပါတီ	၅၀၃၈	၁၃၁	၅၁၆၉	**၁၁.၀၇%**
		ဦးအေးငြိမ်း	ပြည်သူ့ပါတီ	၄၅၃၂	၁၅၆	၄၆၈၈	**၁၀.၀၃%**
၃၅	မြန်အောင်			၉၇၄၃၀	၅၁၀၂	၁၀၂၅၃၂	
		ဦးမျိုးမင်းသန်း	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၄၁၅၀၁	၃၂၁	၄၄၇၁၂	**၄၃.၆၁%**
		ဦးဆန်းလင်းအောင်	ပြည်သူ့ပါတီ	၁၇၉၂၉	၄၂၆	၁၈၃၅၅	**၁၇.၉၀%**
		ဒေါ်အလိမ္မာထွဏ်း	ပြည်သူ့ရွေးဆောင်ပါတီ	၁၅၅၆၀	၆၅၂	၁၆၂၁၂	**၁၅.၈၁%**
		ဦးမြင့်ကြည်	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၁၄၃၈၂	၆၆၄	၁၅၀၄၆	**၁၄.၆၇%**
		ဦးမျိုးအောင်	ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ	၈၀၅၈	၁၄၉	၈၂၀၇	**၈.၀၁%**
၃၆	လပွတ္တာ			၁၀၈၉၁၄	၃၃၁၉	၁၁၂၂၃	
		ဦးစန်းမင်း	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၄၅၅၈	၂၃၄၄	၅၆၉၂	**၅၀.၇၂%**
		ဒေါ်ချမ်းမြေမွန်	ပြည်သူ့ပါတီ	၂၀၉၉၅	၃၂၅	၂၁၃၂၀	**၁၈.၉၉%**
		ဒေါ်စုစုဝင်း	မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ	၂၀၂၇၃	၄၃၂	၂၀၇၀၅	**၁၈.၄၅%**
		ဦးအေးကိုနိုင်	ပြည်သူ့ရွေးဆောင်ပါတီ	၁၃၀၆၈	၂၁၈	၁၃၂၈၆	**၁၁.၈၄%**
၃၇	ဟသံတ			၁၃၁၆၂၂	၄၄၉၆	၁၃၆၁၁၈	
		ဦးအေးဟန်	ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ	၅၆၆၁၈	၂၉၉၈	၅၉၆၁၆	**၄၃.၈၀%**
		ဒေါ်သန်းသန်းဆွေ	တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ	၃၂၉၆၄	၇၂၁	၃၃၆၈၅	**၂၄.၇၄%**
		ဦးစိန်သောင်း	ပြည်သူ့ပါတီ	၂၃၈၂	၄၇၀	၂၄၂၉၃	**၁၇.၈၅%**
		ဦးအေးမြင့်(ခ)ဦးအောင်ဟိန်း	ပြည်သူ့ရွေးဆောင်ပါတီ	၁၈၂၁၇	၃၀၇	၁၈၅၂၄	**၁၃.၆၁%**

ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၅)ရပ်ကွက် ဝါးရုံပင်ကျေးရွာအုပ်စုနှင့် သီခေါင်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေး

နေပြည်တော် ဧနီနဝါရီ ၇

ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၅)ရပ်ကွက် ဝါးရုံပင်ကျေးရွာအုပ်စုနှင့် သီခေါင်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)တာဝန်ခံ ဦးခင်မောင်ဦးသည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အတွင်းရေးမှူးများနှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရေး၊ ကြိုတင်ဆန္ဒမဲပုံးများကို သတ်မှတ်ချက်များနှင့်အညီ လုံခြုံစွာထိန်းသိမ်းထားရှိရေး၊ ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းများကို စနစ်တကျ စာရင်းပြုစု

ထားရှိရေး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံမဖွင့်မီ ကြိုတင်ဆန္ဒမဲပုံးများကို မဲရုံမှူးများထံ မဲပေးထားသည့်စာရင်းပုံစံ ၁၃(က)များနှင့်အတူ လွှဲပြောင်းအပ်နှံရေး မှာကြားသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် လင်းခေးခရိုင် မိုင်းပန်မြို့နယ်အတွင်း မဲရုံထားရှိမှုအခြေအနေကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ နမ့ဝမ်ခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မဲဆန္ဒရှင်များ ဆန္ဒမဲပေးရာတွင် မဲရုံတာဝန်ရှိသူများ အနေဖြင့် မဲစာရင်းစိစစ်ခြင်း ဆောင်ရွက်ပေးရာ၌ အချိန်ကြာမြင့်မှု မရှိစေရေး၊ MEVM စက်များပြန်လည်စစ်ဆေးခြင်းနှင့် စက်တပ်ဆင်ခြင်းလုပ်ငန်းစဉ်များ မှားယွင်းမှုမရှိစေရေး၊ မဲရုံမှူးများအနေဖြင့် မဲရလဒ်များ စာရင်းပြုစုရာတွင် ကြိုတင်မဲ၊ မဲပေးစက်ရလဒ်များ ဇယားထည့်သွင်းရာတွင် တိကျမှန်ကန်စေရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ရပ်ကွက်/ကျေးရွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံတာဝန်ရှိသူများ၏ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် မြို့နယ်အတွင်း မဲရုံထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အေအိုင်နှင့်လူပုံစံစက်ရုပ်များ စီအီးအက်စ် ပြပွဲတွင် ပြသထား

လာ့စ်ဗီးဂတ်စ် ဧနှစ်ဝါရီ ၇
လာ့စ်ဗီးဂတ်စ်မြို့တွင် စီအီးအက်စ် ကုန်စည်ပြပွဲကို ဧနှစ်ဝါရီ ၆ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပြပွဲတွင် နေကာ်ဆုံးပေါ်နည်းပညာများကို ပြသထားသည်။

ကုမ္ပဏီပေါင်း များစွာက လူပုံစံစက်ရုပ်များနှင့် အသိဉာဏ်တု နည်းပညာ(အေအိုင်) စွမ်းအင်သုံး ကုန်ပစ္စည်းများကို ပြသထားသည်။ ကမ္ဘာ့အကြီးဆုံးနည်းပညာ ပြပွဲကြီးတစ်ခုဖြစ်သည့် အဆိုပါ ပြပွဲတွင် စီးပွားရေးအဖွဲ့အစည်းနှင့် အခြားသော အဖွဲ့အစည်းပေါင်း ၄၁၀၀ ကျော် ပါဝင်ပြသခဲ့ကြသည်။



တရုတ် ကုမ္ပဏီတစ်ခုသည် အိမ်မှုကိစ္စများ လုပ်ဆောင်ပေးနိုင်သည့် စက်ရုပ်ကို ပြသခဲ့သည်။ အဆိုပါစက်ရုပ်သည် အသုံးပြုပြီး သားအဝတ်များကို ကောက်ယူကာ အဝတ်လျှော်စက်အတွင်းသို့ ထည့်နိုင်သည်။

ထိုပြင် လက်ဖက်ရည်အိုးကို ဆွဲယူနိုင်ကာ ခွက်အတွင်းသို့ လက်ဖက်ရည်ထည့်ပေးနိုင်သည်။ သက်ရှိနှင့်အလားသဏ္ဌာန်တူသည့် စက်ရုပ်များလည်း ပြသထားသည်။ အမေရိကန်ကုမ္ပဏီက ပြသထားသည့် စက်ရုပ်သည် ဧည့်ကြိုတာဝန်ကို လုပ်ဆောင်နိုင်စွမ်းရှိသည်။

အဆိုပါ စက်ရုပ်များသည် မျက်တောင်ခတ်ခြင်းနှင့် မျက်နှာအမူအရာများကိုလည်း ပြုလုပ်နိုင်သည်။ ထို့ပြင် ဆက်သွယ်မှု ပြုလုပ်နိုင်ရန် လူ၏မျက်နှာအခြေအနေကိုလည်း အကဲခတ်နိုင်စွမ်းရှိသည်။

ဂျပန်ကုမ္ပဏီတစ်ခုက ပြသထားသည့် အေအိုင်နည်းပညာတွင် လူ၏စိတ်ခံစားမှုအပေါ် အခြေခံကာ အခန်းတွင်းမီးအလင်း အမှောင်ကို ချိန်ညှိပေးနိုင်သည့် စနစ်ကိုတွေ့ရသည်။

ပြပွဲကို ဧနှစ်ဝါရီ ၉ ရက်အထိ ဆက်လက်ပြသသွားမည်ဖြစ်ပြီး ဧည့်သည်ပေါင်း ၁၂၀၀၀လောရောက် ကြည့်ရှုမည်ဟု ခန့်မှန်းထားသည်။ **အင်နန်အိတ်ချ်ကေ**

ဘာလင်မြို့၌ လျှပ်စစ်မီးပြတ်တောက်မှုဒဏ် လူပေါင်းထောင်နှင့်ချီခံစားရ

ဘာလင် ဧနှစ်ဝါရီ ၇
ဂျာမနီနိုင်ငံ ဘာလင်မြို့အနောက်တောင်ပိုင်းရှိ အိမ်ထောင်စုများ၊ စူပါမားကက်များ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် အခြားသော စီးပွားရေးလုပ်ငန်းများတွင် ဧနှစ်ဝါရီ ၆ ရက်အထိ လျှပ်စစ်မီးပြတ်တောက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားလိုင်းဖျက်ဆီးခံရပြီးနောက် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေး ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း ဘာလင်မြို့ဒေသအများအပြားတွင် အမှောင်ထုအတွင်းကျရောက်နေသည်မှာ လေးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

ဧနှစ်ဝါရီ ၃ ရက်က ဓာတ်အားပေးစက်ရုံတစ်ခု၏ ကေဘယ်ကြိုးများ မီးရှို့ခံခဲ့ရပြီးနောက် အိမ်ခြေ ၄၅၀၀၀ ခန့်နှင့် လုပ်ငန်းပေါင်း ၂၂၀၀ ကျော်တို့တွင် လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။ ဧနှစ်ဝါရီ ၄ ရက်က လျှပ်စစ်ဓာတ်အားပြတ်တောက်မှုခံစားခဲ့ရသည့်ခရိုင်များရှိ ဆေးရုံငါးရုံတွင် လျှပ်စစ်မီးပြန်လည်ရရှိခဲ့သည်ဟု သိရသည်။

သို့သော်လည်း ဒေသခံများသည် မြို့တော်အတွင်း အပူချိန်ကျဆင်းပြီး နှင်းများကြောင့် အခန်းအတွင်း အအေးဒဏ်ကို ခံစားနေရသည်။ ဗော့ကန်ဂရ (မီးတောင်အုပ်စု) ဟု အမည်ပေးထားသည့် အုပ်စုက လစ်ချ်တာဖဲဒ်ရှိ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံနှင့် ချိတ်ဆက်ထားသည့် အခြေခံအဆောက်အအုံကို အောင်မြင်စွာ ဖျက်ဆီးနိုင်ခဲ့ကြောင်း အွန်လိုင်းပေါ်တွင် ဧနှစ်ဝါရီ ၄ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ **ဆင်ဟွာ**

ဂျပန်နိုင်ငံက H3 ဒုံးပျံလွှတ်တင်မည့်ရက် ရွှေ့ဆိုင်း

တိုကျို ဧနှစ်ဝါရီ ၇
ဂျပန်နိုင်ငံသည် ယခင် H3 ဒုံးပျံလွှတ်တင်မှု မအောင်မြင်ရခြင်း၏ အကြောင်းရင်းများကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သောကြောင့် လာမည့်ဖေဖော်ဝါရီ ၁ ရက် ၌ စီစဉ်ထားသော အဆိုပါ H3 ဒုံးပျံလွှတ်တင်မှုကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ထားကြောင်း ဧနှစ်ဝါရီ ၇ ရက်တွင် ဂျပန်အာကာသအေဂျင်စီ (ဂျေအေအိတ်စ်အေ) က ပြောသည်။

ကိုးကြိမ်မြောက် H3 ဒုံးပျံလွှတ်တင်မည့်ရက်ကို သတ်မှတ်ထားရခြင်းမရှိသေးကြောင်း ဂျေအေအိတ်စ်အေက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Michibiki No. 5 ဂြိုဟ်တုကို သတ်မှတ်ထားသော ပတ်လမ်းအတွင်းသို့ ပို့ဆောင်ရန် ဂျေအေအိတ်စ်အေ၏ ရှစ်ကြိမ်မြောက် H3 ဒုံးပျံကို ဒီဇင်ဘာ ၂၂ ရက်တွင် လွှတ်တင်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

ဒုံးပျံလွှတ်တင်မှု မအောင်မြင်ရခြင်း၏အကြောင်းရင်းများကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် ဒုံးပျံအသစ်လွှတ်တင်မည့်ရက်ကို အတည်ပြုပြီးပါက ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ဂျေအေအိတ်စ်အေက ပြောသည်။ **ဆင်ဟွာ**

သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် စံချိန်တင်ဝင်ရောက်

ကိုလံဘို ဧနှစ်ဝါရီ ၇
၂၀၂၅ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် စံချိန်တင်အများဆုံး ပမာဏ ဝင်ရောက်မှုရှိခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ဧနှစ်ဝါရီ ၅ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

သီရိလင်္ကာ နိုင်ငံသည် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် အနှောင့်အယှက် အဟန့်အတားများ ကြုံခဲ့ရသော်လည်း ခရီးသွားလုပ်ငန်းမှာ နှစ်စဉ်ဝင်ငွေ စံချိန်တင်ရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေးရာ၊ ပြည်ပအလုပ်အကိုင်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဝီဂျီသာဟီရတ်သ်က ယမန်နှစ်အတွင်း သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ၂ ဒသမ ၃၆ သန်းကျော် ဝင်ရောက်မှုရှိခဲ့ကြောင်း၊ ယင်းမှာ ပြက္ခဒိန်တစ်နှစ်အတွင်း အများဆုံး ဝင်ရောက်သည့် ပမာဏဖြစ်ကြောင်း ပြောသည်။

သီရိလင်္ကာနိုင်ငံသည် ယမန်နှစ်က ဝင်ငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံရရှိခဲ့ပြီး ခရီးသွားလုပ်ငန်းမှာ ဒုတိယမြောက် အများဆုံး နိုင်ငံခြားငွေ ရရှိသည့် ရင်းမြစ်တစ်ခု ဖြစ်ခဲ့သည်။

ထိုပြင် သီရိလင်္ကာနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် နိုင်ငံခြားခရီးသွား အနည်းဆုံး သုံးသန်း ဝင်ရောက်နိုင်ရေး ရည်မှန်းထားသည်။ **ဆင်ဟွာ**

တောမီးအန္တရာယ်အလွန်မြင့်မားသော ဆင်ခြေဖုံးဒေသများ၌ ဩစတြေးလျှနိုင်ငံသား ခုနှစ်သန်းနီးပါးနေထိုင်ဟုဆို

ဆစ်ဒနီ ဧနှစ်ဝါရီ ၇
ဩစတြေးလျှနိုင်ငံသား ခုနှစ်သန်းနီးပါးမှာ အသက်ဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်သည့် တောမီးအန္တရာယ် အလွန်မြင့်မားသော အဓိကမြို့ကြီးများ၏ ဆင်ခြေဖုံးဒေသများတွင် နေထိုင်ကြသည်ဟု အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။

ရာသီဥတုဆိုင်ရာ ကောင်စီကဲ့သို့သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ဧနှစ်ဝါရီ ၆ ရက်က ဖော်ပြခဲ့သော အစီရင်ခံစာတွင် ဩစတြေးလျှနိုင်ငံသည် ၂၀၂၅ ခုနှစ် ဧနှစ်ဝါရီလက အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့တွင်ဖြစ်ပွားခဲ့သည့် အလွန်ပြင်းထန်သော တောမီးအန္တရာယ်နှင့် ဆင်တူသည့် မြို့ပြမီးလောင်မှုမျိုးအန္တရာယ် ပိုမိုမြင့်မားလာကြောင်း သတိပေးထားသည်။

ဆစ်ဒနီ၊ မဲလ်ဘုန်း၊ ပတ်သ်၊ အက်ဒီလိတ်၊ ဟိုးဘာတ်နှင့် ကင်ဘာရာ စသည့်မြို့ကြီးများ၏ ဆင်ခြေဖုံးဒေသများမှာ အလွန်ပျက်စီးဆုံးရှုံးမှုများသည့် လော့စ်အိန်ဂျလိစ်တောမီးဝိသေသများနှင့် တူညီနေကြောင်း တွေ့ရှိသည်ဟု ဆိုသည်။

နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ ဩစတြေးလျှနိုင်ငံ တောင်ပိုင်းကို အပူလှိုင်းဖြတ်သန်းခဲ့ပြီး နေရာအများအပြားမှာ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထက် မြင့်တက်ခဲ့ကြောင်း သိရသည်။

မဲလ်ဘုန်းမြို့လယ်ကောင်တွင် ဧနှစ်ဝါရီ ၇ ရက် မွန်းလွဲပိုင်းက အပူချိန် ၄၂ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့ပြီး ယင်းမှာ ၂၀၂၀ ပြည့်နှစ် နောက်ပိုင်း အပူပြင်းဆုံးနေ့တစ်နေ့အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဆင်ဟွာ

စစ်တွေမြို့တည် နှစ် (၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၇

စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်း ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စစ်တွေမြို့တည်နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က စစ်တွေမြို့ကို ၁၈၂၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုနှစ် ၂၀၂၆ ခုနှစ် ဧနှစ်ဝါရီလတွင် မြို့သက်တမ်းအားဖြင့် နှစ်(၂၀၀)ပြည့်ပြီဖြစ်ကြောင်း၊ စစ်တွေမြို့တည် နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သြဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသည့် နာယကအဖွဲ့နှင့် ပွဲတော်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ကော်မတီအလိုက် ဆောင်ရွက်ရမည့် အချက်များအား ပြီးပြတ်အောင် ဆောင်ရွက်သွားနိုင်ရေးအတွက် ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက မြို့တည်နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က စစ်တွေမြို့တည်နှစ်(၂၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပနိုင်ရေးအတွက် ချီးမြှင့်သည့် ငွေကျပ်သိန်း ၃၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် မော်လမြိုင်တက္ကသိုလ်မောင်မယ်သစ်လွင်ကြိုဆိုပွဲ တက်ရောက်

မော်လမြိုင် ဇန်နဝါရီ ၇

၂၀၂၅ - ၂၀၂۶ ပညာသင်နှစ် မော်လမြိုင်တက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက် ပိုင်းက မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်တက္ကသိုလ် အနုပညာအသင်းမှ ကျောင်းသားကျောင်းသူများက မြကျွန်းညိုညို တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်စိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂۶-၂၀၂၅ ပညာသင်နှစ်တွင် မော်လမြိုင်တက္ကသိုလ် လူရည်ချွန်အဖြစ် ရွေးချယ်ခံရသော ဇီဝဓာတုဗေဒ အထူးပြု ပထမနှစ်ကျောင်းသူကို လည်းကောင်း၊ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာကဏ္ဍ၊ (ဗဟို အဆင့်)အဆိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ရရှိခဲ့သော ဓာတုဗေဒဘာသာ ရပ်အထူးပြုမှကျောင်းသားတစ်ဦးနှင့် အရေးပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ရရှိခဲ့သော ဓာတုဗေဒဘာသာရပ် အထူးပြုမှကျောင်းသူတစ်ဦးတို့ကို လည်းကောင်း၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ (ဇုန်အလိုက်) အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဒုတိယ ဆုရရှိခဲ့သော မော်လမြိုင်ဇုန် အမျိုးသားဘောလုံး အသင်းနှင့် တတိယဆုရရှိခဲ့သော မော်လမြိုင်ဇုန် အမျိုးသမီးဘောလုံး အသင်းတို့ကို လည်းကောင်း၊ ၂၀၂۶-၂၀၂၅ ပညာသင်နှစ် အမှတ်(၃) တက္ကသိုလ် လေ့ကျင့်ရေးတပ်၊ စခန်းချသင်တန်းတွင် သေနတ်ပစ်အကောင်းဆုံးဆု (အမှတ်လိုက်) ရရှိခဲ့သော ပထဝီဝင်အထူးပြုမှ ကျောင်းသားတစ်ဦးနှင့် သေနတ်ပစ်အကောင်းဆုံးဆု(ကျည်စု)ရရှိခဲ့သော ရူပဗေဒအထူးပြုမှ ကျောင်းသားတစ်ဦးတို့ကို လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်က မွန်ဟယ်ာယိမ်းအဖွဲ့နှင် ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး မွန်ဟယ်ာယိမ်း အကဖြင့် ဖျော်ဖြေတင်ဆက်ကာ ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမနှစ်သင်တန်းသို့ တက်ရောက်မည့် မောင်မယ်သစ်လွင်ကျောင်းသား ကျောင်းသူများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ မွန်ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၆) ကို ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ဦးစွာပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က အမှာစကား ပြောကြားကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး ဆောင်ရွက်ထားရှိမှုနှင့် အီလက်ထရောနစ် မဲပေးစက်များဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ရွေးကောက်ပွဲ ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေ များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အစည်းအဝေး တက်ရောက်လာသူများက အကြံပြုပြဖြည့်စွက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိုဝင်ဘာလ ၃၀ ရက်နေ့ ပြည်ထောင်စုအဆင့် ကျင်းပမည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်းကို ပြည်ထောင်စုအဆင့် ကော်မတီ၏ ကန့်သတ်ချက်ဘောင်ကို ကျော်လွန်ခြင်းမရှိပဲ ကောင်းမွန်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်ကြောင်း ပြောကြားခဲ့ကြပြီး ပြည်ထောင်စုအဆင့် ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်ကတော်ကြီးက ကိုယ်ပိုင်ကိုယ်ကျင့်ကျင့် ကိုယ်ပိုင်ဆန်ဆန် ပြုလုပ်ကြမည်ဖြစ်ကြောင်း ပြန်ကြားပြောကြားခဲ့ကြပြီး ပြည်ထောင်စုအဆင့် ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်ကတော်ကြီးနှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းတို့ ပြန်ကြားပြောကြားခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း ကိုယ်ပိုင်ကိုယ်ကျင့်ကျင့် ကိုယ်ပိုင်ဆန်ဆန် ပြုလုပ်ကြမည်ဖြစ်ကြောင်း ပြန်ကြားပြောကြားခဲ့ကြပြီး ပြည်ထောင်စုအဆင့် ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်ကတော်ကြီးနှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းတို့ ပြန်ကြားပြောကြားခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း

ပြည်နယ်(ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်ရှိ မဲရုံအဆောက်အအုံနှင့် ဝန်းကျင်နေရာများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် အသိပေးနှိုးဆော်ခြင်းကို ဇန်နဝါရီ ၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မြို့နယ်လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်း မရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel) တို့မှ အများပြည်သူများ ပျော်ရွှင်ဖွယ်ဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေး အစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာမီရောက်ရှိမည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုအစီအစဉ် အဖြစ် ၂၀၂۶ ခုနှစ် ဧနှစ်ဝါရီလ ၉ ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော်)ခေတ်ပေါ်တီးဝိုင်းနှင့်အတူ ကယားတိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **"ကန္ဒရတီ တေးအလှပန်းချီ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၉-၁-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ကန္ဒရတီတေးအလှ ပန်းချီ" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၃)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	ငွေတောင်ပြည်ရဲ့ဖိတ်ခေါ်သံ	ဌာနတိုင်းရင်းသူအဆိုရှင်
၂။	ခူးရယ်ကယားလေး	ဌာနတိုင်းရင်းသားအဆိုရှင်
၃။	တိုရိုးရာ(ကော်တော်)	ဌာနတိုင်းရင်းသူအဆိုရှင်
၄။	ချစ်စရာမြေ	ဌာနတိုင်းရင်းသား/သူအဆိုရှင်
၅။	ကယားချောလေးခူးရယ်	ဌာနတိုင်းရင်းသူအဆိုရှင်
၆။	ချစ်တာမင်းတစ်ယောက်ထဲ	ဌာနတိုင်းရင်းသားအဆိုရှင်
၇။	ကယားမြေသက်သေ	ဌာနတိုင်းရင်းသူအဆိုရှင်
၈။	Because I Love You	ဌာနတိုင်းရင်းသားအဆိုရှင်
၉။	ဂေဘားတို့ဌာနေ	ဌာနတိုင်းရင်းသူအဆိုရှင်
၁၀။	လှတဲ့ကယန်းမြေ	ဌာနတိုင်းရင်းသားအဆိုရှင်
၁၁။	မွေးရပ်မြေသို့တမ်းချင်း	ဌာနတိုင်းရင်းသားအဆိုရှင်
၁၂။	ကယားသဇင်	ဌာနတိုင်းရင်းသူအဆိုရှင်
၁၃။	ရှင်သန်ဖြစ်(သို့)ချစ်ခြင်းများနဲ့အတူကမယ်	ဌာနတိုင်းရင်းသား/သူများအဖွဲ့

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဓာတုဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာ ရဲမြင့်အောင်၊ ပါမောက္ခ (ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မင်္ဂလာပါတယ်ဗျာ။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂۶ ခုနှစ်၊ မတ်လမှာ ကျင်းပမည့် စနစ်သစ် Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကိုဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ မေးခွန်း(၁)စုံကို နမူနာပေး၍ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုမှုကို လေ့လာစေလိုပါတယ်။

၂၀၂۶ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒမေးခွန်းပုံစံသည် ၂၀၂၄၊ ၂၀၂၅ Grade 12 တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံအတိုင်း–

Section A နဲ့ Section B ဆိုပြီး အပိုင်း ၂ ပိုင်း ပါဝင်မှာဖြစ်ပါတယ်။ Section A မှာ Objective types တွေဖြစ်တဲ့ TRUE/FALSE, Fill in the blanks, နှင့် Multiple choice questions (MCQs) တို့ကို နံပါတ် ၁ ကနေ နံပါတ် ၃ အထိ ၁ မှတ်တန် မေးခွန်း ၁၀ ပုဒ်စီ မေးထားပါမယ်။ စုစုပေါင်း ၃၀ မှတ်ဖိုး ဖြေဆိုရပါမယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ဓာတုဗေဒဘာသာရပ်ကို ဝည်ဖျကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာထားတာကို စိစစ်တဲ့မေးခွန်းများဖြစ်ပြီး အခန်းအားလုံးနှင့် သက်ဆိုင်တဲ့ မေးခွန်းများဖြစ်ပါတယ်။

Section A မေးခွန်း **နံပါတ် ၁ TRUE /FALSE** (မှန်/မှား) ရွေးချယ်စေတဲ့မေးခွန်းမှာ T သို့မဟုတ် F လို့ မရေးဘဲ TRUE သို့မဟုတ် FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၂ **Fill in the blanks** ဖြေဆိုရာမှာ မေးခွန်းပြန်ကူးစရာမလိုဘဲ ကွက်လပ်တွင် ဖြည့်ရမည့်အဖြေမှန်ကိုသာ မှန်ကန်စွာရေးသားဖြေဆိုရမှာ ဖြစ်ပါတယ်။ စာလုံးပေါင်းမှန်ရမည့်အပြင် အဖြေပြည့်စုံရပါမယ်။ မေးခွန်းနံပါတ် ၃ **Multiple choice questions** (MCQs) တွင် ဖော်ပြချက် ၄ ခုမှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရမှာဖြစ်ပါတယ်။ အဖြေမှန်တစ်ခုရွေးချယ်ရာတွင် ပေးထားသော**အက္ခရာ A, B, C, D** မှ **အဖြေမှန်တစ်ခု**သာလျှင် ရွေးချယ်ရေးပေးရန် ဖြစ်ပါတယ်။ မေးခွန်းစာသားကို ပြန်ကူးရေးရန် မလိုပါ။ အဖြေမှန်တစ်ခုထက် ပိုရေးမိလျှင် အမှတ်မရနိုင်ပါ။

Section B မေးခွန်း **နံပါတ် ၄** မှာ ၅ မှတ်တန် **Short and Medium Questions** ပုဒ်ခွဲ ၅ ပုဒ် ပါဝင်မှာဖြစ်ပါတယ်။ ပုဒ်ခွဲ ၅ ပုဒ်စလုံးကို ဖြေဆိုရမှာဖြစ်ပါတယ်။ ၅ ပုဒ်ထဲက အခန်း(၇) **Environmental Chemistry** ကို ပုဒ်ခွဲတစ်ခုမှာ **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် ၃၀ မှတ်ဖိုးထဲမှ ၂၅ မှတ်ဖိုးဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅၊ ၆၊ ၇ မှာ ၅ မှတ်တန် **Structured, Short and Medium Questions** သုံးပုဒ်စီမေးမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၅ မှာတော့ **Physical Chemistry** အပိုင်းကို **OR** ခံမေးမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်ပါတယ်။ မေးခွန်း **နံပါတ် ၆** ၏ ပုဒ်ခွဲတစ်ပုဒ်မှာ **Organic Chemistry** အပိုင်းကို **OR** ခံ မေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် ပုဒ်ခွဲတစ်ခုသည် **Inorganic Chemistry** အပိုင်းကို **OR** ခံ မေးထားခြင်းဖြစ်ပါတယ်။ အဲဒီမှာလည်း အမှတ် ၂၀ ဖိုးမှာ ၁၅ မှတ်ဖိုးဖြေရမှာဖြစ်ပါတယ်။ ဒါကြောင့် Section B မှာ စုစုပေါင်း အမှတ် ၉၀ ဖိုးမှ အမှတ် ၇၀ ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။ Section A နှင့် Section B မှာ မေးတဲ့ မေးခွန်းအားလုံးဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တာဖြစ်လို့ အခန်း ၈ ခန်းလုံးကို သေသေချာချာ ဖတ်ရှုလေ့လာထားစေလိုပါတယ်။

MATRICULATION EXAMINATION

DEPARTMENT OF MYANMAR EXAMINATIONS

CHEMISTRY — Time Allowed: (3) Hours

WRITE YOUR ANSWERS IN THE ANSWER IN THE ANSWER BOOKLET

The symbols in this paper have their usual significance

SECTION (A)

(Answer ALL questions)

1. Write TRUE or FALSE for each of the following statements. (10 marks)

(a) Condensation polymers often have higher molecular masses than addition polymers.
(b) The formation of the product is favoured by high temperature in an endothermic reaction.
(c) The octet rule does not apply to d–block elements.
(d) When heat is transferred to a system at constant pressure, the enthalpy of the system decreases.
(e) The rate of a reaction depends on the enthalpy of the reaction.
(f) Light atoms vibrate at higher frequencies than heavy atoms.
(g) Volatile organic compounds lead to the formation of smog.
(h) In water molecules, hydrogens are partially positive and oxygen is partially negative.
(i) The colours of all 3d transition elements are silvery –white.
(j) A radionuclide is an atom with an unstable nucleus which has excessive energy.

2. Fill in the blanks with the correct word(s), notation(s), terms(s), unit(s), etc., as necessary. (10 marks)

(a) The enthalpy changes for the combustion reactions are always _____.
(b) Ethanol is oxidised by atmospheric oxygen in the presence of _____.
(c) Prolonged exposure to radon gas can cause _____.
(d) If the K_{eq} value is _____, the equilibrium lies to the left.
(e) For a gaseous reaction, the rate of a reaction may be expressed in the unit, _____.
(f) _____ forces exist between the layers of carbon atoms in graphite.
(g) Titanium(IV) chloride is used for the manufacturing of high–density _____ in industries.
(h) In general, the ions of transition elements have an electronic configuration of _____.
(i) Acids and bases differ greatly based on their _____.
(j) At low temperature, additional polymers lose plasticity and elasticity and become _____.

3. Choose the best answer for each question given in the following. (10 marks)

(a) Amino acids are connected in a chain by what type of bond?
A. Covalent B. Ionic C. Metallic D. Hydrogen

(b) In nature, the most stable form of carbon is _____.
A. diamond B. graphene C. graphite D. coal

(c) Which of the following pairs has the same molecular geometry?
A. CH_4 and SF_4 B. NH_4^+ and SF_4 C. CH_4 and NH_4^+ D. None of these

(d) When two electrons are in the same orbital, which property must be different for them to comply with Pauli's exclusion principle?
A. Mass B. Spin C. Charge D. Energy

(e) Which one of the following substances acts as a catalyst?
A. Carbohydrates B. Lipids C. Enzymes D. Nucleic acids

(f) _____ has the highest penetrating power.
A. Alpha particle B. X–ray C. Beta particle D. Gamma ray

(g) The number of unpaired electrons present in the Cu^+ ion is _____.
A. one B. two C. zero D. three

(h) Which element is always present in Arrhenius acid?
A. Hydrogen B. Oxygen C. Nitrogen D. None of these

(i) What is the impact of ocean acidification on marine life?
A. Enhanced coral rise B. Increased fish pollution
C. Reduced sea level rise D. Harm to shellfish and coral

(j) _____ does not affect the state of the equilibrium position.
A. Temperature B. Pressure C. Concentration D. Colour

SECTION (B)

4. Answer All questions. (25 marks)

(a) (i) Which type of molecules can accept an electron pair from a molecule bearing a lone pair of electrons? Give two examples of this type of molecule.
(ii) What does the type of chemical bonding depend on?
(iii) Name of forces that can be found in all substances.

(b) (i) How does light affect the rate of a reaction?
(ii) When 8.0 g of sodium chloride is dissolved in 40 cm^3 of water, the temperature falls to 20.5 °C from 22.0 °C. Calculate the energy absorbed by the solution when sodium chloride dissolves. Answer with three significant figures. ($c = 4.18\ J\ g^{-1}\ °C^{-1}$, Na = 23, Cl = 35.5)
(iii) What are the units of the rate of reaction?

(c) (i) In the reaction, $2\ A(aq) \rightarrow 4B(aq) + C(aq)$, the decomposition of compound A at 300 K in a solution with constant volume can be followed by monitoring the concentration of A. Initially (at t = 0), the concentration of A is 2.00 mol dm^{-3}, and after 120 s, it is reduced to 1.76 mol dm^{-3}. Calculate the rate of the reaction.
(ii) Classify each equilibrium system as either homogeneous or heterogeneous. Give reasons.
(A) $2Hg(l) + O_2(g) \rightleftharpoons 2HgO(s)$ (B) $2\ HF(g) \rightleftharpoons H_2(g) + F_2(g)$

(d) (i) Give the long forms of the following recycling symbols that are mentioned on plastic products. PETE/PET, HDPE, PP
(ii) How are the biodegradable plastics made?
(iii) What gas is produced during the combustion of PVC?

(e) (i) What are the sources of excess nitrogen and phosphorus in the ecosystem?
(ii) Define the term "Green technology."
(iii) How do the persistent organic pollutants harm the environment?

OR

(e) (i) Which fissile heavy atoms are used as fuels instead of fossil fuel in a nuclear reactor?
(ii) Give the uses of caesium–137 radionuclide.
(iii) What are the advantages of using plant–based insecticidal soap?

5. Answer All questions. (15 marks)

(a) (i) Why are the divalent ions of Co_2+, Ni_2+, Cu_2+ and Zn_2+ poor reducing agents?
(ii) What is meant by ferromagnetic? Give three examples of ferromagnetic substances.
(iii) Name the transition metal catalyst that is used for the Contact process.

(b) (i) Which spectroscopy is used to identify the functional groups of organic compounds?
(ii) How do you tell if a compound is an aldehyde or a ketone by using Fehling's test?
(iii) Sketch the structure of 2, 4–DNP.

(c) (i) Describe the acid–base properties of water in the Brønsted–Lowry framework.
(ii) Calculate the concentration of hydroxide ions which are runoff from a coal mine with a hydrogen ion concentration of 1.2×10^{-4} mol dm^{-3}. Is this solution acidic, basic, or neutral?

OR

(c) (i) What are the conjugate acids for the bases, NH_2^-, NH_3, and CH_3COO^-?
(ii) Calculate the pH of a buffer solution containing 0.10 mol of methanoic acid (pK_a = 3.8) and 0.01 mol of sodium methanoate per dm^3.

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

6. Answer All questions. (15 marks)

(a) (i) What type of alcohol can be used to prepare propanone? Explain with the relevant equation. Describe the uses of acetone.

(ii) Give the structures of the following compounds.

(A) 3,3–dimethylbutanal (B) 4–hydroxy–2,2–dimethylbutanoic acid

OR

(a) (i) What carboxylic acids and alcohols would you use to make the following esters?

(A) butyl methanoate (B) propyl propanoate

(ii) The boiling point of ether is much lower than alcohol of similar molecular mass. Why?

(b) (i) Why can transition metal compounds form coloured ions in an aqueous solution?

(ii) What are the metallic properties of the transition elements?

(iii) Which element in the 3d transition series has the highest possible oxidation state?

(c) (i) How would you control the temperature to obtain more HCl in the given equilibrium?

$2Cl_2(g) + 2\,H_2O(g) \rightleftharpoons 4\,HCl(g) + O_2\,(g)$ $\Delta H = (+)$

(ii) Hydrogen sulphide gas decomposes to form hydrogen and diatomic sulphur gaseous molecules, S_2, at 1405 K. The equilibrium constant for the reaction is 2.270×10^{-3}. If the concentrations of S_2 and H_2S are 0.054 mol dm^{-3} and 0.184 mol dm^{-3}, how much of the concentration of hydrogen gas would be produced?

7. Answer All questions. (15 marks)

(a) (i) Predict the shape of the H_2O molecule in terms of Lewis structure, and VSEPR model. What will be the bond angle of H–O–H?

(ii) Why does graphite have a hexagonal structure?

OR

(a) (i) The molecule of XF_3 has a dipole moment. Is "X" a boron or phosphorus? Give a reason.

(ii) What are the requirements for the formation of hydrogen bonds between covalent molecules?

(b) (i) Using the bond enthalpy values, calculate the enthalpy change for the combustion of methane shown by the equation,

$CH_4(g) + 2O_2(g) \rightarrow CO_2\,(g) + 2H_2O(l)$

(E (C–H) = 410 kJmol^{-1}, E (O=O) = 496 kJmol^{-1}, E (C=O) = 805 kJmol^{-1}, E (O–H) = 456kJmol^{-1})

(ii) State Hess's law.

(c) (i) What is the repeating unit of terylene?

(ii) How do you identify the amide functional group on the IR spectrum?

(iii) Primary amines are more soluble in water than secondary and tertiary amines. Why?

****

အထက်ပါမေးခွန်းပုံစံကို အမှတ်ပေးစည်းမျဉ်းနှင့် ကိုက်ညီအောင် ဖြေဆိုထားသော အဖြေများသာ ဖြစ်ပါတယ်။

ANSWER

SECTION (A)

1. Each 1 mark x 10 (10 marks)

(a) FALSE (b) TRUE (c) TRUE (d) FALSE (e) FALSE (f) TRUE (g) TRUE (h) TRUE

(i) FALSE (j) TRUE

2. Each 1 mark x 10 (10 marks)

(a) negative/minus/ΔH = – (b) bacteria (acetobacter) (c) lung cancer

(d) small/smaller than 1/less than 1/< 1/ « 1

(e) dm^3 s^{-1}/cm^3 s^{-1}/mol s^{-1}/atm s^{-1}/mmHg s^{-1} (f) Weak van der Waals

(g) polyethene/polyethylene (h) (n–1) d^{1-10} (i) strengths (j) brittle

3. Each 1 mark x 10 (10 marks)

(a) A (b) C (c) C (d) B (e) C (f) D (g) C (h) A (i) D (j) D

SECTION (B)

4. Each 5 marks x 5 (25 marks)

(a) (i) Electron–deficient molecules can accept an electron pair from a molecule bearing a lone pair electron. e.g. $BeCl_2$, BF_3, $AlCl_3$

(ii) Types of chemical bonding depends on the types of elements (metals or nonmetals).

(iii) London dispersion forces can be found in all substances.

(b) (i) The brighter the light, the faster is the reaction. If the intensity of light (visible or ultraviolet) is greater, the more reactant molecules gain the required energy (activation energy) and the faster the reaction speed. (or)

$H_2(g) + Cl_2(g) \rightarrow 2HCl(g)$ slow

$H_2(g) + Cl_2(g) \xrightarrow{h\nu} 2HCl(g)$ fast

(ii) Volume of H_2O = 40 cm^3 = 40 g

$\Delta T = T_2 - T_1 = 20.5\,°C - 22.0\,°C = -1.5\,°C$

$c = 4.18\ J\ g^{-1}\ °C^{-1}$

$q = mc\Delta T = 40\ g \times 4.18\ J\ g^{-1} \times °C^{-1} \times (-1.5\,°C) = -250.8\ J$

Since $T_2 < T_1$, the energy is absorbed. The reaction is endothermic and ΔH is positive. (or) ΔH = + 250.8 J = + 251 J

(c) (i) 2A(aq) → 4B(aq) + C(aq)

At t = 0, $[A]_0$ = 2.00 mol dm^{-3}, At t = 120, $[A]_t$ = 1.76 mol dm^{-3}

$\Delta[A] = [A]_t - [A]_0 = (1.76 - 2.00)$ mol dm^{-3} = – 0.24 mol dm^{-3}

rate = $-\frac{1}{2} \times \frac{\Delta[A]}{\Delta t} = -\frac{1}{2} \times \left(\frac{-0.24\ mol\ dm^{-3}}{120\ s}\right) = 1.0 \times 10^{-3}$ mol dm^{-3} s^{-1}

(ii) (A) Heterogeneous because the reactants and products of chemical equilibrium are present in more than one phase.

(B) Homogeneous because the reactants and products of chemical equilibrium are all in a single phase.

(d) (i) PETE/PET = polyethene/polyethylene terephthalate

HDPE = high density polyethylene/polyethene

PP = polypropylene/polypropene

(ii) Biodegradable plastics are made from monomers derived directly from plant materials, polylactic (PLA).

(iii) Corrosive hydrogen chloride gas/HCl gas is produced during the combustion of PVC.

(e) (i) From fertilizer runoff and from sewage cause excessive growth of algae.

(ii) Green technology is an environmentally friendly technology that builds products and systems to conserve natural resources and the environment.

(iii) Persistent organic pollutants are chemically stable, remain intact in the environment for long periods and are lipophilic in nature. Therefore, they accumulate in the fatty tissue of living organisms and reside for a longer period of time finally affecting humans and wildlife.

OR

(e) (i) The fissile heavy atoms are ^{233}U, ^{235}U, ^{239}Pu.

(ii) Caesium–137 is used as a tracer in medical radiation therapy devices for treating cancer, and in industrial gauges that detect the flow of liquid through pipes.

(iii) The advantages of using plant–based insecticidal soap in that they leave no nasty residue, are non–toxic to animals and birds, and do not harm beneficial insects.

5. Each 5 marks x 3 (15 marks)

(a) (i) The divalent ions of Co^{2+}, Ni^{2+}, Cu^{2+} and Zn^{2+} are poor reducing agents because of their greater nuclear attraction force.

(ii) Substances that are attracted very strongly by the applied magnetic field. e.g. iron, cobalt, and nickel

(iii) Vanadium is used for the Contact process

(b) (i) Infrared spectroscopy/IR spectroscopy is used to identify the functional groups of organic compounds.

(ii) Fehling's solution is an alkaline solution containing copper(II) ions. When the clear blue Fehling's solution is warmed with an aldehyde, the reddish–brown precipitate is formed. However, a ketone does not give precipitate with Fehling's solution.

(iii)



(c) (i)



(or)

The acid–base conjugate pairs are (1) H_2O (acid) and OH^- (base) and (2) H_3O+ (acid) and H_2O (base).

(ii) $[H^+] = 1.2 \times 10^{-4}$ mol dm^{-3} $[H^+][OH^-] = 1.0 \times 10^{-14}$

$[OH^-] = \frac{1.0\times10^{-14}}{[H^+]} = \frac{1.0\times10^{-14}}{1.2\times10^{-4}} = 8.33 \times 10^{-11}$ mol dm^{-3}

$pH = -\log[H^+] = -\log(1.2 \times 10^{-4}) = 3.921$

The solution is acidic.

OR

(c) (i) The corresponding conjugate acids are NH_3, NH_4^+, and CH_3COOH.

(ii) $HCOONa(aq) \rightarrow Na^+(aq) + HCOO^-(aq)$

$HCOOH(aq) \rightleftharpoons H^+(aq) + HCOO^-(aq)$

[HCOOH] = 0.10 mol dm^{-3}

[HCOONa] = $[HCOO^-]$ = 0.01 mol dm^{-3}

$K_a = \frac{[H^+][HCOO^-]}{[HCOOH]}$ $-\log K_a = -\log[H^+] - \log\frac{[HCOO^-]}{[HCOOH]}$

$pK_a = pH - \log\frac{[0.01]}{[0.10]}$ $pH = pK_a + \log\frac{[0.01]}{[0.10]} = 3.8 - 1 = 2.8$

6. Each 5 marks x 3 (15 marks)

(a) (i) Secondary alcohol can be used to prepare propanone.

$$\underset{\text{2-propanol}}{CH_3CHOHCH_3} + [O] \xrightarrow[\Delta]{K_2Cr_2O_7,\ H^+} \underset{\text{propanone}}{CH_3COCH_3} + H_2O$$

- **Acetone** is used as an effective solvent in many (nail polish removers, plastic cements), (resins and varnishes).

(ii) (A)



(B)



OR

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

(a) (i) (A) methanoic acid and butanol

$$HCOOH + C_4H_9OH \xrightleftharpoons[\Delta]{H_2SO_4} HCOOC_4H_9 + H_2O$$

methanoic acid, butanol → butyl methanoate

(B) propanoic acid and propanol

$$CH_3CH_2COOH + C_3H_7OH \xrightleftharpoons[\Delta]{H_2SO_4} CH_3CH_2COOC_3H_7 + H_2O$$

propanoic acid, propanol → propyl propanoate

(ii) The boiling point of ether is much lower than alcohol of similar molecular mass because of no intermolecular hydrogen bonding between ether molecules.

(b) (i) The transition metal compounds can form coloured ions in an aqueous solution due to the presence of incomplete d orbitals or the presence of unpaired electrons and absorb visible lights.

(ii) The metallic properties of the transition elements are: malleability, ductility, metallic lustre and high tensile strength.

(iii) The highest possible oxidation state of 3d transition series is Manganese (Mn).

(c) (i) $2Cl_2(g) + 2H_2O(g) \rightleftharpoons 4HCl(g) + O_2(g)$ $\Delta H = (+)$

The forward reaction is an endothermic (heat absorbing) reaction and the reverse reaction is an exothermic (heat evolving) reaction. According to Le Chatelier's principle, increasing the temperature favours the endothermic reaction. The equilibrium shifts from left to right, and more concentration of HCl will be formed and the temperature will have to be increased.

(ii) $[H_2S] = 0.184$ mol dm^{-3}, $[S_2] = 0.054$ mol dm^{-3}, $K_{eq} = 2.270 \times 10^{-3}$

$2H_2S(g) \rightleftharpoons 2H_2(g) + S_2(g)$

$$K_{eq} = \frac{[H_2]^2[S_2]}{[H_2S]^2} \qquad [H_2]^2 = \frac{K_{eq} \times [H_2S]^2}{[S_2]}$$

$$[H_2]^2 = \frac{2.270 \times 10^{-3} \times (0.184)^2}{0.054} = 0.1423 \times 10^{-2}$$

$$[H_2] = \sqrt{0.1423 \times 10^{-2}} = 0.0377 \text{ mol dm}^{-3}$$

7. Each 5 marks x 3 **(15 marks)**

(a) (i)



bent/V-shaped

OR

It consists of 4 electron pairs around the central atom O. The geometry of electron pairs is tetrahedral. There are two lone pairs on the oxygen atom. Because of electron pair repulsion between these lone pairs and bonding pair, the shape of the molecule is bent structure or V shape. The bond angle of H–O–H is less than 109.5°.

(ii) Graphite has a layer and planar structure formed by joining each carbon atom to the other three carbon atoms by covalent bonds. Each layer is formed with hexagonal rings of carbon atoms.

OR

(a) (i)



BF_3 is a trigonal planar structure (symmetrical arrangement) which has no dipole moment.

PF_3 is a pyramidal structure because of the lone pair on the central atom. It has a dipole moment. Therefore, X is a phosphorus.

(ii) (1) the first molecule has hydrogen attached to a high electronegativity atom (F, O or N) and (2) the second molecule possesses a lone pair of electrons on a small highly electronegative atom (F, O, or N).

(b) (i)



ΔH for bond broken $= 4E(C–H) + 2(E(O=O))$

$= 4 \times (+410 \text{ kJ mol}^{-1}) + 2 (+496 \text{ kJ mol}^{-1}) = + 2632$ kJ

ΔH for bond formed $= – 2E(C=O) + –2(2E(O–H))$

$= (– 2 \times 805 \text{ kJ mol}^{-1}) + (–4 \times 465 \text{ kJ mol}^{-1}) = –3470$ kJ

ΔH_c = enthalpy change for bond broken + enthalpy change for bond formed

$= 2632 + (– 3470) = – 838$ kJ mol^{-1}

(ii) **Hess's Law:** The enthalpy change for a chemical reaction is the same, whenever the route is taken from reactants to products.

(c) (i) Repeating unit of terylene



(ii) In amide, medium and weak peaks at about 3300 – 3500 cm^{-1} would be observed for the NH_2 group. A strong and sharp peak at about 1650 – 1750 cm^{-1} would be observed for the C=O group.

(iii) Primary amines are more soluble in water than secondary and tertiary amines because more hydrogen bonds are formed in primary amines.

****

ဖော်ပြပါမေးခွန်း (၁) စုံကို နမူနာပေး၍ ဖြေဆိုပြသပေးထားသည့်အတွက် စာမေးပွဲတွင် မည်ကဲ့သို့ ဖြေဆိုရမည်ဆိုတာကို နားလည်သဘောပေါက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ Grade 12 ဓာတုဗေဒ ပြဋ္ဌာန်းစာအုပ်မှ အခန်း(၈)ခန်းကို ဓာတုဗေဒဘာသာရပ်ရဲ့ အခန်း(၈)ခန်းအားလုံး၏ သဘောတရားများကို နားလည်မှု/တတ်ကျွမ်းမှု/လေ့လာ အားထုတ်မှုတို့ကို စစ်မေးထားခြင်းသာလျှင်ဖြစ်ပါတယ်။

အခန်းလိုက်ဖြေဆိုမှုကို ကြည့်ခြင်းအားဖြင့် **Chapter 1 Chemical Bonding and Intermolecular Forces** သင်ခန်းစာမှ SECTION 1.1 မှ 1.5 အထိ လေ့လာပြီး ဖြေဆိုရသော မေးခွန်းနှင့် အဖြေများသာလျှင် ဖြစ်ပါတယ်။

အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်စေရန် အချက်ကို ဖော်ပြပေးထားပြီး လေ့လာမှတ်သားထားစေလိုပါတယ်။

အဓိကသတိပြုရမှာကတော့ Lewis structure ရေးသားလျှင် unshared paired electrons တွေကို ဖြည့်ဝင်ခြင်းအတွက် molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ (H_2 ကတော့ 2 electrons ပဲ share လုပ်ပါမည်။)

Valence Shell Electron Pair Repulsion (VSEPR) theory

VSEPR သီအိုရီအရ shape ကို ခန့်မှန်းဖို့အတွက် – molecule ရဲ့ Lewis's structure ကို ဆွဲပါ။ Central atom ကို ဝန်းရံနေတဲ့ electron pair ကို ရေတွက်ပါ။ Electron pair ရဲ့ geometry ကို ရှာဖွေပါ။ နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းဖော်ပြပေးနိုင်မှာဖြစ်ပါသည်။

Table Geometry of Electron Pairs and Molecular Shapes of Different Types of Molecules

Type	Number of bonding pairs and lone pairs around the central atom	Geometry of electron pairs	Molecular shape	Example
AX_2	2, 0	Linear	180° X — A — X linear	$BeCl_2$, CO_2
AX_3	3, 0	triangular planar (trigonal planar)	120° X A X X triangular planar	BF_3
AX_2E	2, 1	triangular planar (trigonal planar)	X A X <120° bent/V-shaped	SO_2
AX_4	4, 0	tetrahedral	X A X X X 109.5° tetrahedral	CH_4, CCl_4
AX_3E	3, 1	tetrahedral	X A X X <109.5° trigonal pyramidal	NH_3
AX_2E_2	2, 2	tetrahedral	X A X <109.5° bent/V-shaped	H_2O

Note: Symbol E represents the number of lone pairs of electrons.

Chapter 2 Energy Changes in Chemical Reactions မှာ–

စွမ်းအင်ပြောင်းလဲခြင်း၏ သဘောတရားများဖြစ်သော energy transformation, Law of conservation of energy, Chemical energy နှင့်သက်ဆိုင်သည့် သဘောတရားများကို နားလည်ထားမည်ဆိုပါက ဓမ္မမိဠာန်မေးခွန်းနှင့် မေးခွန်းတိုများကို ဖြေဆိုနိုင်မည်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပစွမ်းအင်ပေးဖို့ မလိုအပ်သောဓာတ်ပြုခြင်း၊ ပြင်ပစွမ်းအင်ပေးမှ ဓာတ်ပြုခြင်းဖြစ်ပေါ်ခြင်း၊ ဆိုလိုတာကတော့ spontaneous နှင့် non–spontaneous reaction တို့၏သဘောတရားများ သိရှိထားကြရမယ်။

ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့ နယ်ပယ်ကို system (စနစ်)၊ ၎င်းနဲ့ထိစပ်နေတဲ့အရာကို surroundings (ဝန်းကျင်)လို့ သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဖက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဖက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာ ဖြစ်ပါတယ်။

အပူပြောင်းလဲမှုကြောင့် ဓာတ်စည်းပြတ်တောက်ခြင်း၊ ဓာတ်စည်းဖြစ်ပေါ်ခြင်းများနှင့်ဆိုင်သော ပုစ္ဆာများ ဖြေရှင်းတတ်ရန် ပုစ္ဆာ(၁)ပုဒ်ကို ဖော်ပြပေးထားမယ်၊ ထိုပုစ္ဆာမျိုးတွက်ချက်တတ်စေရန် လေ့ကျင့်ထားစေလိုပါတယ်။

Is this reaction exothermic or endothermic? $2H_2(g) + O_2(g) \rightarrow 2H_2O$ (l)

Given: energy required to break 1 mol of O=O bonds = 496 kJ

energy required to break 1 mol of H–H bonds = 436 kJ

energy required to form 1 mol of O–H bonds = 465 kJ

ဓာတ်ပြုခြင်းများမှာ အပူပြောင်းလဲမှုနှင့်သက်ဆိုင်သော thermochemical equation များကို ရေးနိုင်ရန် လိုအပ်ပါတယ်။ **Thermochemical equation** များ

(i) $C(graphite) + O_2(g) \rightarrow CO_2(g)$ $\Delta H_f^\theta = – 394$ kJ mol^{-1}

(ii) $CH_4(g) + 2O_2(g) \rightarrow CO_2(g) + 2H_2O(l)$ $\Delta H_f^\theta = – 891$ kJ mol^{-1}

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

(iii) $C_2H_5OH(l) + 3O_2(g) \rightarrow 2CO_2(g) + 3H_2O(l)$ $\Delta H_f^\theta = -1367\ kJ\ mol^{-1}$

(iv) $2C(graphite) + 3H_2(g) + ½O_2(g) \rightarrow C_2H_5OH(l)$ $\Delta H_f^\theta = -235\ kJ\ mol^{-1}$

(v) $Na(s) + C(graphite) + ½H_2(g) + 3/2O_2(g) \rightarrow NaHCO_3(s)$ $\Delta H_f^\theta = -951\ kJ\ mol^{-1}$

ဒြပ်ဝတ္ထုပြစ္စည်းများ enthalpy တန်ဖိုးကို တိုက်ရိုက်မတိုင်းတာနိုင်ပေမဲ့ calorimeter ကို အသုံးပြုပြီး ΔT တန်ဖိုးကို တိုင်းတာနိုင်ပါတယ်။ ထိုမှတစ်ဆင့် q = mcΔT ညီမျှခြင်းကို အသုံးပြု၍ (Enthalpy Change) ကို တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။ နမူနာဖြေဆိုမှုကို ကြည့်ရှုနိုင်ပါတယ်။

Enthalpy cycle ဆိုင်ရာ ပုစ္ဆာတွေတွက်ချက်ရာမှာ enthalpy change of formation နဲ့ enthalpy change of combustion တို့မှတွက်ယူရတဲ့ပုစ္ဆာတွေကိုလည်း စေ့စပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ပုစ္ဆာတွက်ချက်ရာမှာ physical states များ၊ အပူပြောင်းလဲခြင်းဆိုင်ရာသင်္ကေတများနဲ့ units တွေကိုလည်း မှန်ကန်စွာရေးသားနိုင်ဖို့ လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

ဥပမာ– Calculate the standard enthalpy change of the decomposition of calcium carbonate; $CaCO_3(s) \rightarrow CaO(s) + CO_2(g)$ using the data given below.

$\Delta H_f^\theta[CaO(s)] = -636\ kJ\ mol^{-1}$ $\Delta H_f^\theta[CO_2(g)] = -394\ kJ\ mol^{-1}$

$\Delta H_f^\theta[CaCO_3(s)] = -1207\ kJ\ mol^{-1}$



By using Hess's law, Route I = Route II

$\Delta H_f^\theta[CaCO_3(s)] + \Delta H_r^\theta = \Delta H_f^\theta[CaO(s)] + \Delta H_f^\theta[CO_2(g)]$

$(-1207) + \Delta H_r^\theta = (-636) + (-394)$

$\Delta H_r^\theta = +177\ kJ\ mol^{-1}$

Chemical Bond တစ်ခုကိုဖြတ်ဖို့ သို့မဟုတ် chemical bond တစ်ခုဖြစ်ပေါ်ဖို့ လိုအပ်တဲ့စွမ်းအင်ကို bond energy သို့မဟုတ် bond enthalpy လို့ ခေါ်ပါတယ်။ သင်္ကေတကတော့ E ဖြစ်ပါတယ်။ Bond breaking အတွက် E တန်ဖိုးကို plus နဲ့ ဖော်ပြပြီး bond making အတွက် minus နဲ့ ဖော်ပြပါတယ်။ Chemical bond တစ်ခုအတွက် ဓာတ်စည်း ပြတ်တောက်ခြင်းနဲ့ ဖြစ်ပေါ်ခြင်းတို့အတွက် လိုအပ်တဲ့ energy ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်ဘက် ဖြစ်ကြောင်း သိရှိရန်လိုပါတယ်။ လေ့ကျင့်ခန်းပုစ္ဆာများ လေ့ကျင့်ထားကြပါ။

Chapter 3 Chemical Kinetics: Rates of Reaction မှာတော့ chemical reaction တစ်ခုမှာ reactant ကနေ product အဖြစ်ပြောင်းလဲတဲ့အခါ နေးကွေးတဲ့ ပြောင်းလဲမှုရှိသလို မြန်ဆန်တဲ့ပြောင်းလဲမှု လည်းရှိပါတယ်။ ဒီလိုလှုပ်ရှားပြောင်းလဲမှုတွေကို အချိန်နဲ့ဆက်စပ်တွက်ချက်လိုက်ရင် နှုန်းဆိုတာရရှိလာ ပါမယ်။ Dynamite ပေါက်ကွဲခြင်း၊ အစားအစာများ ပုပ်သိုးခြင်း၊ သံချေးတက်ခြင်း၊ ကျောက်စိုင်းကျောက်သား များ တိုက်စားခံရခြင်းတွေဟာ စက္ကန့်ပိုင်းကနေ နှစ်ကာလအတန်ကြာသည်အထိ အသီးသီးဓာတ်ပြုဖြစ်ပွား ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဓာတ်ပြုနှုန်းနှင့် သက်ဆိုင်သည့် ဥပမာပုစ္ဆာများနှင့် လေ့ကျင့်ခန်းများကို တွက်ထားစေလိုပါသည်။

ဥပမာ– When the following reaction of zinc and dilute hydrochloric acid takes place, 30 g of zinc has been used up after 2 min. Calculate the rate of the reaction in terms of the mol per second.

(Zn = 65.38)

$$Zn(s) + 2\ HCl(aq) \rightarrow ZnCl_2(aq) + H_2(g)$$

$$\text{mol of Zn} = 30\ g \times \frac{1\ mol}{65.38\ g} = 0.46\ mol$$

reaction time (in seconds) t = 2 × 60 = 120 s

$$\text{rate} = \frac{\text{mol of Zn used}}{\text{time}} = \frac{0.46\ mol}{120\ s} = 0.004\ mol\ s^{-1}$$

The rate of reaction is 0.004 mol s^{-1}.

ရှုထောင့်အမျိုးမျိုးမှ reaction rate ကို တွက်ချက်နိုင်တာမို့ rate ရဲ့ units တွေဟာ mass per time, volume per time, concentration per time ဆိုပြီးအမျိုးမျိုး ဖြစ်နိုင်ပါတယ်။ Rate of reaction ကို သန်ရှာနည်းနဲ့ဖော်ပြရာမှာ reactant ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration လျော့နည်းသွားတာ ဖြစ်လို့ minus sign နဲ့ ဖော်ပြရသလို၊ product ကို အခြေခံရင် အချိန်နဲ့လိုက်ပြီး concentration များ လာတာဖြစ်လို့ plus sign နဲ့ ဖော်ပြတာကို သိရှိရမှာဖြစ်ပါတယ်။ Calculation မှာ အထူးသဖြင့် minus sign ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း သိရှိနားလည်ရပါမယ်။

Chapter 4, Chemical Equilibrium ဓာတ်ပြုမျှခြေ ကို လေ့လာလျှင်– အများစုဟာ တစ်ဖက်သွားဓာတ်ပြု ခြင်း (one–way process) ဖြစ်စဉ်များဖြစ်ကြပြီး အချို့ကတော့ အပြန်အလှန်ဓာတ်ပြုခြင်း (reversible reaction) တွေ ဖြစ်ကြပါတယ်။ အဲဒီဓာတ်ပြုခြင်းတွေမှာ forward နဲ့ reverse reaction တွေပါဝင်နေပြီး ယင်းဖြစ်စဉ်နှစ်ခုရဲ့ နှုန်းတွေ တူညီသွားတဲ့အခါ မျှခြေ (equilibrium) ကို ရောက်ရှိပါတယ်။ အဲဒီမျှခြေမှာ forward reaction နဲ့ reverse reaction တွေဟာ ရပ်တန့်ခြင်းမရှိဘဲ တူညီတဲ့နှုန်းတွေနဲ့ ဆက်လက် ဖြစ်ပွားနေလို့ dynamic equilibrium လို့ သတ်မှတ်ခေါ်ဝေါ်ပါတယ်။

Reactions တွေရဲ့ physical states တွေအရ တစ်သားတည်းမျှခြေနှင့် တစ်သားတည်းမဟုတ်မျှခြေ homogeneous နဲ့ heterogeneous equilibria တွေကို သတ်မှတ်ဖော်ပြတတ်ရမယ်။ အပူချိန်၊ ဖိအားနဲ့ ပါဝင်ကိန်းပြောင်းလဲခြင်းတွေက မျှခြေအပေါ် သက်ရောက်မှုများကို ခန့်မှန်းရာမှာ Le Chatelier's Principle ဟာ အလွန်အသုံးဝင်ပါတယ်။

Concentration effect, Pressure effect or Temperature effect တစ်ခုချင်းစီကို စာမေးပွဲအတွက် လေ့လာထားစေလိုပါတယ်။ သက်ရောက်မှုတစ်ခုစီအတွက် ဥပမာများ၊ လေ့ကျင့်ခန်းများနှင့် ဖြေဆိုမှု ပုံစံတို့ကို လေ့လာပြီးဖြေဆိုတတ်ရေးနှင့် ဖြစ်ပါတယ်။

Le Chatelier's Principle ကို စက်မှုလုပ်ငန်းတွေမှာ အသုံးပြုခြင်းအတွက် ဥပမာ– ammonia နှင့် methanol production များကို သိရှိစေရန် မျှခြေအနေနှင့် ဖော်ပြပေးထားသလို အသေးစိတ် သိရှိနားလည် စေလိုပါတယ်။

Homogeneous နဲ့ Heterogeneous equation များအတွက် equilibrium constant K_{eq} တန်ဖိုးများကို ရေးသားဖော်ပြတတ်ရပါမယ်။ Chemical equilibrium တစ်ခုရဲ့ မျှခြေကိန်းသေ K_{eq} ကို molar concentration အားဖြင့် K_c နှင့် gaseous equilibrium အတွက် K_p စသဖြင့် ဖော်ပြပေးတတ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာပုစ္ဆာများကိုလည်း ဖြေရှင်းတွက်ချက်ထားစေလိုပါတယ်။

Chapter (5) Acid–Base Reactions ဖြစ်ပါတယ်။ Acids and bases theories (၃) ခုကို တင်ပြသွားမှာ ဖြစ်ပါတယ်။ Arrhenius Theory သည် H^+ ions နှင့် OH^- ions များကို အခြေခံ၍ acid–base ကိုအဓိပ္ပာယ် သတ်မှတ်ထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ Strong acid နဲ့ weak acid ရဲ့ dissociation equation ကို မှန်ကန်စွာ ရေးသားဖော်ပြတတ်ရမှာဖြစ်ပါတယ်။ Brønsted and Lowry Theory အရဆိုလျှင် proton သို့မဟုတ် H^+ ion ပေးနိုင်မှု၊ လက်ခံနိုင်မှုကို အခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရှိဖို့လိုအပ် ပါတယ်။ Brønsted and Lowry Theory ကို အခြေခံ၍ The concept of conjugated acid–base pairs ကိုလည်း ဥပမာများနှင့် အဓိပ္ပာယ်ရှင်းလင်းတတ်ရန်လိုပါတယ်။ Lewis acid–base theory မှာတော့ acid–base အဓိပ္ပာယ်ကို မော်လီကျူး သို့မဟုတ် ions ပေါ်ရှိ ē pair လက်ခံနိုင်မှု၊ ထုတ်ပေးနိုင်မှု တို့ဖြင့် အဓိပ္ပာယ်သတ်မှတ်ပေးထားပါတယ်။

ရေမော်လီကျူးပြိုကွဲခြင်း နှင့် pH ဖော်ပြချက်မှာ ရေပြိုကွဲမှုဖြစ်စဉ်၊ The ionic product of water constant (K_w) တွက်ထုတ်ခြင်း၊ pH and pOH relationship နှင့် pH scale တို့ကို ရှင်းလင်းစွာဖော်ပြပေးထား ပြီး ဆက်စပ်မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုတတ်ရမယ်၊ ပုစ္ဆာတွက်ချက်မှုကိုလည်း အဆင့်မကျော်စေရန် သတိပြုစေလိုပါတယ်။

e.g. Calculate the pH of an aqueous solution containing 7.3 g HCl per dm^3.

(H = 1, Cl = 35.5)

Answer: molar mass of HCl = 1+ 35.5= 36.5 g mol^{-1}

$$\text{mol of HCl} = \frac{7.3\ g}{36.5\ g\ mol^{-1}} = 0.2\ mol, \quad [HCl] = \frac{0.2\ mol}{1\ dm^3} = 0.2\ mol\ dm^{-3}$$

$HCl(aq) \rightarrow H^+(aq) + Cl^-(aq)$

0.2 mol dm^{-3} 0.2 mol dm^{-3}

$pH = -\log[H^+] = -\log 0.2 = 0.699$

ထို့နောက် **acid ပျော်ရည်၊ base ပျော်ရည်တို့၏ပြိုကွဲမှု ionisation** အကြောင်းကို လေ့လာမည် ဆိုပါက basicity of an acid နဲ့ acidity of a base သဘောတရားများကို ရှင်းလင်းတင်ပြနိုင်ဖို့ လိုအပ် ပါတယ်။ Acid ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ K_a နှင့် acid ပြင်းအား ဆက်သွယ်မှု– အလားတူ base ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ K_b ဆက်သွယ်ချက်များကို တိကျစွာဖော်ပြပေးတတ်ရမည် ဖြစ်ပါတယ်။

ဆားအမျိုးအစား (၄) မျိုးဖြစ်တဲ့ strong acid and strong base, strong acid and weak base, weak acid and strong base နှင့် weak acid and weak base တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းအရင်းတွေကို ဆားနမူနာများနဲ့ အကျိုးအကြောင်းဆက်စပ် ဖြေဆိုတတ် ဖို့ လိုအပ်ပါတယ်။

Buffer ပျော်ရည်ဆိုတာက weak acid နှင့် ၎င်း၏ဆားပျော်ရည် သို့မဟုတ် weak base နှင့် ၎င်း၏ ဆားပျော်ရည်တို့ ပါဝင်သောပျော်ရည်အမျိုးအစား ဖြစ်ပါတယ်။ ထိုပျော်ရည်များ၏ ဂုဏ်သတ္တိသည် dilution လုပ်ခြင်း၊ acid သို့မဟုတ် base အနည်းငယ်ထပ်ထည့်ခြင်းဖြင့် pH ပြောင်းလဲမှုကို ဟန့်တားနိုင် စေပါတယ်။ Buffer solution အမျိုးအစား (၂) မျိုးနှင့် ၄င်းတို့၏ pH range ကိုပါ ဖော်ပြပေးထားပါတယ်။ ၎င်းနှင့်ပတ်သက်သော တွက်ချက်မှုများကိုလည်း ပြည့်စုံစွာလေ့ကျင့်ထားသင့်ပါတယ်။

Chapter 6 ကတော့ Transition Elements တွေကို လေ့လာမှာဖြစ်ပါတယ်။

IUPAC definition အရ *d*–orbitals or subshells များတွင် ē အပြည့်ဖြည့်ဝင်ထားခြင်း မရှိသော ဒြပ်စင်အက်တမ် သို့မဟုတ် ဓာတ်ဖိုအိုင်ယွန်းများကို ကြားဆက်ဒြပ်စင်များ (transition elements) ဟု သတ်မှတ်နိုင်ပါတယ်။ Transition elements တွေကို *s*–block နှင့် *p*–block ကြားတွင် တွေ့ရှိရပြီး *d*–block elements ဟုလည်း ခေါ်ဆိုပါတယ်။ အလှည့်ကျဇယားတွင် transition elements များကို Series ၃ ခု ခွဲထားသည့်အနက် ပထမ Series ကို လေ့လာသွားမှာဖြစ်ပါတယ်။ ပထမ Series ($_{21}Sc$–$_{30}Zn$) တွင် transition elements ၁၀ ခု ပါဝင်ပါတယ်။ ထိုဒြပ်စင် (၁၀) ခုအတွက် အထက်ဖော်ပြပါမေးခွန်း နမူနာအတိုင်း လေ့လာထားစေလိုပါတယ်။

Chapter 7 Chemistry and Green Environment မှာ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု– ကမ္ဘာ၏လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုတို့ကို လေ့လာမည့် အခန်းဖြစ်ပါတယ်။ ဒဿကြောင့် ယခုအခန်း မှာ carbon, nitrogen, phosphorus နှင့် sulphur တွေရဲ့ biogeochemical cycles များကို သိရှိနားလည် ထားဖို့ လိုအပ်ပါတယ်။ ၎င်း cycles များအပေါ် human activities တွေရဲ့ သက်ရောက်မှုများအပေါ် နားလည်ထားဖို့လိုအပ်ပါတယ်။ ယခုတွေ့ကြုံနေရတဲ့ environmental problems ကို သိရှိထားဖို့ လိုပါတယ်။

ပတ်ဝန်းကျင်မှာတွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ အမြဲ စိမ်းလန်း ရှင်သန်နေတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်လိုက်နာသင့်တဲ့ လေ့ကျင့်မှုတွေနဲ့ 7R's တို့ကို သေချာစွာ သိရှိနားလည်ဖို့လိုအပ်ပါတယ်။ အန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ heavy metals နဲ့ ယင်းတို့ရဲ့ဒြပ်ပေါင်းတွေဟာ လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုတွေကို သေချာစွာသိထားရမှာဖြစ်ပါတယ်။

ညစ်ညမ်းစေသောဓာတ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုတို့ကိုလည်း heavy metals (arsenic, cadmium, lead, and mercury)နှင့် ထိုသတ္တုဒြပ်ပေါင်းများက သက်ရောက်နိုင်မှုကို ဖော်ပြ ပေးထားပါတယ်။ ထို့အပြင် ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက် နေမှုများကို ဆွေးနွေးပေးထားပါတယ်။ ပုံနှိပ်စာအုပ်မှာ လေ့လာဖတ်ရှုပြီး မေးခွန်းနှင့်လေ့ကျင့်ခန်းများ ဖြေဆိုထားစေလိုပါတယ်။ မိမိနားလည်ထားသည့် ရှုထောင့်မှလည်းဖြေဆိုနိုင်လျှင် အမှတ်ရရှိနိုင်သည့် အခန်းမျိုးဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် အခြားသက်ရောက်နိုင်သော အော်ဂဲနစ်ဓာတု ဓာတ်ကြွင်းများဖြစ်တဲ့ POPs နဲ့ VOCs တို့ကိုလည်း သိရှိနားလည်ထားရပါမယ်။ သင့်တော်သောဥပမာများနှင့် လူသားတွေရဲ့ ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ၎င်းတို့၏ သက်ရောက်မှုများကို ဖတ်မှတ် နားလည်ထားရမယ်။

သဘာဝနှင့် လူပတ်ဝန်းကျင်များမှ ထွက်ပေါ်လာသော radiation (ဓာတ်ရောင်ခြည်) နှင့် လူမှုပတ်ဝန်း ကျင်ရှိ radioactive isotopes တွေရဲ့အသုံးဝင်ပုံ၊ radioactive wastes and radioactivity, radioactive pollutants and pollution များသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကြောင့်ဖြစ်စေနိုင်သော ကျန်းမာရေးပြဿနာတွေကို သိရှိနားလည်ထားစေလိုပါတယ်။ ရှုကလီးယားစွမ်းအင်နှင့် ရှုကလီးယား လက်နက်များအကြောင်း၊ ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လေ့လာဖတ်ရှုပြီး မေးခွန်းနှင့် အဖြေကိုက်ညီစေရန် ကြိုတင်လေ့ကျင့်ထားကြပါ။

စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းများကိုလည်း လေ့လာထားစေလိုပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည်များကို လျှော့ချမှု၊ ကုစားမှုနည်းလမ်းကောင်းများကိုလည်း သုတေသနပြုဆောင်ရွက် နိုင်တယ်ဆိုတာကို သိရှိစေလိုပါတယ်။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှ

အခန်း (၈) ကတော့ Organic Compounds and Macromolecules ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာ ဖြစ်ပါတယ်။ Ethanol မှ အစပြု၍ organic reactions အားလုံးအတွက် summary ကို ဖော်ပြပေးထားပါတယ်။ အော်ဂဲနစ် ဒြပ်ပေါင်း တစ်ခုချင်းစီအတွက် organic reactions များကို အကြိမ်ကြိမ်ရေးသားလေ့ကျင့်ကြပါလို့ တိုက်တွန်းပါတယ်။ စာမေးပွဲဖြေဆိုရာတွင် Reaction အတွက် မေးသောမေးခွန်းများသည် အော်ဂဲနစ်ဓာတ်ပြုခြင်း ရေးမှသာလျှင် အမှတ်ပြည့်ရမည် ဖြစ်ပါတယ်။ အော်ဂဲနစ် ဒြပ်ပေါင်း တစ်ခုချင်းစီအတွက် USES ကိုဖြေဆိုလျှင်လည်း ရောထွေးမှုမရှိဘဲ တိကျစွာဖြေဆိုနိုင်ရမည်ဖြစ်ပါတယ်။

ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားများနှင့်ဖော်ပြပေးထားပါတယ်။ ထိုဇယားဖော်ပြချက်များကို သေချာစွာ လေ့ကျင့်ဖြေဆိုတတ်စေရန် Functional groups များ chemical test equations များနှင့် တွေ့ရှိချက်တို့ကို ရှင်းလင်းစွာ ရေးသားတတ်ဖို့လိုပါတယ်။

Organic compounds များ၏ functional groups တွေကို သတ်မှတ်ပေးနိုင်သော spectroscopic method– လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation and electromagnetic spectrum ကို လေ့လာသိရှိထား ရမှာဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကို သိရှိနားလည်စေလိုပါတယ်။

Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက Infrared spectroscopy ကို လေ့လာရမှာဖြစ်ပြီး IR spectroscopy ရဲ့ principle Molecules နဲ့ IR radiation တို့ interaction ဖြစ်ပေါ်ခြင်း molecules က IR radiation ရဲ့ စွမ်းအင်ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေခြင်း စသည်တို့ကို လေ့လာမှတ်သားရမည် ဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ် မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive တို့သည် Molecules များ၏ dipole moment changes ပေါ်မူတည်ပြီး– dipole moment changes ရှိမှသာ IR active dipole moment changes မရှိခဲ့လျှင် IR inactive ဖြစ်ပါတယ်။ ဥပမာ N_2 molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C–H နဲ့ C=O functional groups တို့ရဲ့ absorption band တွေကို 2980 cm^{-1} နဲ့ 1700 cm^{-1} တို့မှာ တွေ့ရှိနိုင်ပါတယ်။

IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို Table မှာပြသပေးထားပါတယ်။ ဒီဇယားကို အသုံးပြု၍ ပုံနိုင်စာအုပ်တွင်ပါဝင်သော IR spectrum များနှင့် တိုက်ဆိုင်လေ့ကျင့်ထားမည်ဆိုလျှင် functional groups, wavenumber, and band intensity တို့ကို အကျွမ်းတဝင်သိရှိလာနိုင်ပါတယ်။

Table Some Characteristic Infrared Absorption Bands and their Intensitie

Classes of compounds	Bond	Wavenumber (cm^{-1})	Band intensity
alcohols, ethers, esters, carboxylic acids	C–O	1050–1410	strong
alkenes, aromatic compounds	C=C	1620–1680	medium, weak
amides, ketones, aldehydes, esters, carboxylic acids	C=O	1650–1750	strong, sharp
alkynes	C=C	2100–2260	medium, weak
carboxylic acids	O–H	2500–3300	strong, very broad
aldehydes	C–H	2720–2820	medium, weak
alkanes, alkenes	C–H	2850–3090	strong
alcohols	O–H	3200–3600	strong
amines, amides	N–H	3300–3500	weak, mediun

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 cm^{-1}, 2950 cm^{-1} တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 cm^{-1} မှာ acid OH stretching, 2950 cm^{-1} မှာ CH stretching, 1700 cm^{-1} မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 cm^{-1} မှာ NH stretching, 2900 cm^{-1} မှာ CH stretching တို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်း မြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များ ပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာ ဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာ ဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုး ပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိ နားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာ ဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့နှုန်းဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့ လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။

Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာလေ့လာထားဖို့ လိုအပ်ပါတယ်။

၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ Grade 12 Chemistry မေးခွန်းနမူနာပုံစံကို ဖြေဆိုပြထားသည့်အတွက် ဓာတုဗေဒဘာသာရပ် ဖြေဆိုမှုကို အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ Chapter တစ်ခုချင်း အလိုက် အကျဉ်းချုပ်လေ့လာမှတ်သားရန်တို့ကိုလည်း ရေးသားတင်ပြထားသည့်အတွက် တပည့်တို့အနေနဲ့ နားလည်သဘောပေါက်ပြီဟု ယူဆပါသည်။ ထို့ကြောင့် chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့ လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာ မေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာရေးသားဖော်ပြဖို့ သတိပြုရပါမယ်။

နိဂုံးချုပ်အနေနှင့် ၂၀၂၆ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အောက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး မိမိကြိုးစားအားထုတ်မှု ရလဒ်ကောင်းများဖြင့် အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

****

သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

သုံးခွ ဧနှစ်ဝါရီ ၇

သုံးခွမြို့နယ် ပုလဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားအရည်အချင်းပြည့်မီ၍ နိုင်ငံသားကတ် မပြုလုပ်ဖူးသူများနှင့် (ပျက်စီး၊ ပျောက်ဆုံး၊ လဲလှယ်)သူများကို နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရန်အတွက် ဧနှစ်ဝါရီ ၄ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

ပျဉ်းမနားမြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံ နေကြာနှင့် မတ်ပဲစိုက်ခင်းများစိုက်ပျိုးထားရှိမှုအား ကွင်းဆင်းစစ်ဆေး

ပျဉ်းမနား ဧနှစ်ဝါရီ ၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ သစ်လေးလုံးနှင့် နတ်သရဲကျေးရွာ တောင်သူများ၏ ဆောင်းဆီထွက်သီးနှံ နေကြာနှင့် မတ်ပဲများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့ သစ်လေးလုံး ကျေးရွာရှိ ဆောင်းဆီထွက် သီးနှံ နေကြာနှင့် မတ်ပဲစိုက်ခင်းသို့ ရောက်ရှိပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုကာ လိုအပ်သည့် သွင်းအားစုများကို စနစ်တကျထည့်သွင်းပြီး ပိုးမွှားရောဂါကျရောက်မှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများနှင့် တောင်သူများအား မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် နတ်သူရဲကျေးရွာရှိ တောင်သူများနှင့်အတူ စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုပြီး ဆောင်းဆီထွက်သီးနှံ နေကြာနှင့် မတ်ပဲများ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းမြင့်မားစေရေးအတွက် ပိုးမွှားရောဂါကျရောက်မှု မဖြစ်ပွားစေရေးကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျောက်တန်းမြို့နယ်၌ မြစိမ်းရောင်(ငါးကဏ္ဍာ)မှ အတိုးရငွေဖြင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်

ကျောက်တန်း ဧနှစ်ဝါရီ ၇

ကျောက်တန်းမြို့နယ် ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍာ)မှ ကျေးရွာခန်းမဆောင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးခြင်းကို ဧနှစ်ဝါရီ ၆ ရက်က အဆိုပါကျေးရွာခန်းမ ဆောင်၌ ကျင်းပသည်။

ယင်းအခမ်းအနားကို ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဖြင့်နိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြစိမ်းရောင်(ငါးကဏ္ဍာ)ကော်မတီများ၊ ဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင်များ တက်ရောက်သည်။ **သန့်ဇင်ထွန်း**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ဂုဏ်ယူဝမ်းမြောက်ခြင်း

CITY WIN HOSPITAL

ဒေါ်နန်းခမ်းနှောင့် – စီမံထူးချွန် (ပထမဆင့်)

Esports အားကစားကို မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံအဆင့် ရောက်ရှိသည်အထိ
စီမံခန့်ခွဲဦးဆောင်၍ အဓိကပံ့ပိုးပေးသူ
(မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်–နာယက)

KBZPay ကို မြန်မာနိုင်ငံ၏ အောင်မြင်မှုအရှိဆုံး အဆင့် (၁)ဖြစ်အောင်စွမ်းဆောင်နိုင်သူ
(KBZPay ၏ Founder & Leader)

မြန်မာနိုင်ငံ၏ အောင်မြင်မှုအရှိဆုံး နှင့် အကြီးဆုံးပုဂ္ဂလိကဘဏ် KBZ Bank ကို ဦးဆောင်နေသူ
(KBZPay Bank Founder & Leader)

ဒေါ်နန်းခမ်းနှောင့်

အား နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀ ၂၆)ဖြင့်
စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်

စီမံထူးချွန် (ပထမဆင့်)

ချီးမြှင့်အပ်နှင်းခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့
City Win Hospital
Sandamon Hospital

မြန်မာနိုင်ငံကြက်ခြေနီအသင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ကုန်တင်ယာဉ် (၂ စီး) ဝယ်ယူခြင်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို ၈-၁-၂၀၂၆ ရက်မှစတင်၍ ၁၅-၁-၂၀၂၆ ရက် နောက်ဆုံး ထားပြီး ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်နေ့ရက်နှင့် အချိန်နှိုက်**– ၂၂-၁-၂၀၂၆ (ရုံးချိန်အတွင်း)ဖြစ်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရမည့် နေရာ – မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံး)
အမှတ်-၄၂၂ ကမ်းနားလမ်း၊ ၄-လွှာ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ်-၀၉-စဉ်၅၃ရ၈၅၇၀၊
၀၉-ဒဖဖ၄၄၅၅
၀၁စ၃၃၉-၃၀ (လိုင်းခွဲ-၁၁)

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အချက်အလက်များအား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS-၇၉)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ (၆.၈၅)၊ ကေ အကျယ် အဝန်း၅ရှိ မြေကွက်ကို ဦးဝင်းထိုက်ဦးမှ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တာချိ,တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးမြတ်သူ (LL.B) တရားလွတ်တော်ရှေ့နေ (စဉ်-၁၇၁၉၃)
အမှတ် (၂၉၇၈)၊ ဆံတော်တွင်းလမ်းမတန်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ ဧရိယာ (၆.၈၇)ရှိ ကွင်းအမှတ် (OSS-၇၉)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ (၆.၈၅)ကေ အကျယ်အဝန်း၅ရှိ မြေကွက်ကို ဦးဝင်းထိုက်ဦးမှ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တာချိ,တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်ရဲမြင့် LL.B,DBL,DIL,DIPL တရားလွတ်တော်ရှေ့နေ (စဉ်-၁၄၆၅၃)
စုပေါင်းရုံးဝတ်လမ်း၊ မ. ၀. တလမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊ (၃၇)ရပ်ကွက်၊
၁ဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း- ၀၉-၄၂၀၀၄၆၆၁၅ ၀၉-၇၉၅၉၇၄၅၁ ၀၉-၉၆၅၄၄၆၆၂

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်ကျေးရွာ၊ ကွင်းအမှတ် (OSS-၇၉)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ (၆.၈၅)ကေ အကျယ်အဝန်း၅ရှိ မြေကွက်ကို ဦးဝင်းထိုက်ဦးမှ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တာချိ,တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်ရဲမြင့် LL.B,DBL,DIL,DIPL တရားလွတ်တော်ရှေ့နေ (စဉ်-၁၄၆၅၃)
စုပေါင်းရုံးဝတ်လမ်း၊ မ. ၀. တလမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊ (၃၇)ရပ်ကွက်၊
၁ဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း- ၀၉-၄၂၀၀၄၆၆၁၅ ၀၉-၇၉၅၉၇၄၅၁ ၀၉-၉၆၅၄၄၆၆၂

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ အောင်တံခွန်(၅)လမ်း၊ အမှတ် (၁၈၁/၁) မြေကွက်၏ ခြေရင်းခြမ်း ၀၀ (၂၀၊၆၀) မြေနှင့်နေအိမ်အား ရောင်းချပိုင်ခွင့်ရှိသည် ဦးညီညီဧာ်ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် (၇) ရက် အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်သာဟန် တရားလွတ်တော်ရှေ့နေ (စဉ်-၁၅၈၈၉)
အမှတ်(၃၉၁)၊ တက္ကသီလလမ်း၊ (၁၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၂၆၀၃၀၁၀

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၈၊ အောင်သရေပြေလမ်း၊ မြေကွက်အမှတ် (၉၉၈)၊ မြေရိယာ (၀.၀၅၅) ကေ၊ မြေအကျယ်အဝန်းပေ (၄၀၊၆၀)၊ စတုရန်းပေ(၂,၄၀၀)ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိမေအိမ်အပါအဝင် ယင်းတို့နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးတို့အား အမည်ပေါက် ပိုင်ရှင် ဒေါ်အေးအေး (၉/မခန(နိုင်ငံ)၁၈၄၉၅) ကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ ကန့်ကွက် လိုပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်ရဲမြင့် LL.B,DBL,DIL,DIPL တရားလွတ်တော်ရှေ့နေ (စဉ်-၁၄၆၅၃)
စုပေါင်းရုံးဝတ်လမ်း၊ မ. ၀. တလမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊ (၃၇)ရပ်ကွက်၊
၁ဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း- ၀၉-၄၂၀၀၄၆၆၁၅ ၀၉-၇၉၅၉၇၄၅၁ ၀၉-၉၆၅၄၄၆၆၂

မြန်မာ့အသံ

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်နေ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် အင်္ဂလိပ်ကျောင်းမှ ရှေ့ယမိုက်(၁)မဟန်းအိမ်ဖြူ၏ ဖခင် ဦးစသီယာရာချိန့်နှင့် ဦးစသီရာချိ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးစသီယာရာချိ နှင့် ဦးစသီရာချိ

အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲ့ပလဲ့ကျေးရွာနေ (၁၁) ဦးမားဏ်သားဖြစ်သူ ၃/မဝတ (နိုင်)၀၀၇၇၆၇ ကိုင်ဆောင်သူ ၏ အမည်မှန်မှာ ဦးအောင်မြင့် ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ပုလဲမြို့နယ်၊ မကျိုးကန်ကျေးရွာနေ (၁၁) ဦးကျော်ဌေးဏ်သား။ ကိုကျော်ဝေယျ ၅/ဝလန(နိုင်)၁၄၃၄၃၂ ၏ နိုင်ငံကူးလက်မှတ် ME 552473 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၁၁၄၃၃၃

ပျောက်ဆုံးကြောင်း

ပုလဲမြို့နယ်၊ မကျိုးကန်ကျေးရွာနေ (၁၁) ဦးဝင်းရွှေ၏သမီး မအေးစန္ဒာ ၅/ဝလန(နိုင်)၁၃၀၁၃၉ ၏ နိုင်ငံကူးလက်မှတ် ME 552478 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၁၁၄၃၃၃

တစ်ဦးတည်းဖြစ်ပါကြောင်း

အောင်လံမြို့နယ်နေ ဦးဇော်မျိုးထက်၏သမီး မအေးမြတ်မွန်(၁) မအိသန္တာကျော် ၈/အလန(နိုင်) ၂၇၁၀၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မအေးမြတ်မွန်(၁) မအိသန္တာကျော်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

